# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၄၅]


**အေးစေ မြဲစေ မေတ္တာရေ**

- ❖ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး၊
- ❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# လွတ်လပ်တရားမျှတသောရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှု အခြေအနေများ ဆွေးနွေး

စာမျက်နှာ - ၂



## ရွေးကောက်ပွဲ လွတ်လပ်မျှတ အောင်မြင်စွာကျင်းပနိုင်မှုနှင့် ဆန္ဒမဲရလဒ်ကို အတည်ပြုပြီး ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ ❖ ၆

# ဘယ်ရွေးကောက်ပွဲဖြစ်စဉ်မှ ပြီးပြည့်စုံတယ်ဆိုတာ မရှိခဲ့ပါဘူး

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ လာရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် သံအမတ်ကြီး၏ ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်-

"မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကြီးက အောင်အောင်မြင်မြင် ချောချောမွေ့မွေ့နဲ့ ပြီးဆုံးသွားခဲ့တယ်လို့ မြင်ပါတယ်။ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အကျိုး

*စာမျက်နှာ ၃ ကော်လံ ၁* ❄



သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်
(မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး)

# မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက်စင်္ကြံလမ်းပိုင်း အဆင့်မြှင့်တင်မည်

မွန်းဦးနဒီ




ရန်ကုန် နိုဝင်ဘာ ၁၃

**ကရင်ပြည်နယ်အတွင်းရှိ မဟာမဲခေါင်ဒေသခွဲ (GMS) အရှေ့-အနောက်စင်္ကြံလမ်းပိုင်းတစ်ခုဖြစ်သော အိန္ဒူနှင့် ကော့ကရိတ်ကို ဆက်သွယ်ထားသည့် ၆၆ ဒသမ ၄ ကီလိုမီတာရှိ လမ်းပိုင်းအဆင့်မြှင့်တင်ရန်အတွက် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က အတည်ပြုလိုက်ပြီဖြစ်သည်။**

"ကရင်ပြည်နယ်ဟာ ရှည်ကြာလှတဲ့ ပဋိပက္ခတွေ ခံစားခဲ့ရပြီး နွမ်းပါးမှုမြင့်မားမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမယ့် အခြေခံအဆောက်အအုံအားနည်းမှုစတဲ့ အကျိုးဆက်တွေဖြစ်စေခဲ့ပါတယ်။ ဒီပြည်နယ်ထဲမှာပဲ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ကုန်းလမ်းကုန်သွယ်မှုစုစုပေါင်းရဲ့ ၂၅ ရာခိုင်နှုန်းကို ပို့ဆောင်ရာမှာ အရေးပါလှတဲ့လမ်းမကြီးတစ်ခုလည်း ရှိနေပါတယ်။ အခုလမ်းပိုင်းကို အဆင့်မြှင့်တင်မှုဟာ မဟာမဲခေါင်ဒေသခွဲ အရှေ့နဲ့အနောက် စင်္ကြံလမ်းတွေထဲက မြန်မာနိုင်ငံတွင်းမှာရှိနေတဲ့ လမ်းပိုင်းတွေကို အဆင့်မြှင့်တင်မှုလုပ်ငန်းပြီးစီးမှုပါပဲ"ဟု ADB ၏ အရှေ့တောင်အာရှဌာနမှ ကျွမ်းကျင်ပညာရှင် ဂျိမ်းစ်လယ်သာက ပြောကြားသည်။

ယခုစီမံကိန်းဖြင့် လက်ရှိ နှစ်လမ်းသွားကားလမ်းကို GMS လမ်းကွန်ရက် စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့်သွားမည်ဖြစ်ပြီး စက်ဘီး၊ ဆိုင်ကယ်နှင့် စိုက်ပျိုးရေးကုန်စည်များသယ်ဆောင်ရာတွင် အသုံးပြု

*စာမျက်နှာ ၁၄ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နိုင်ငံရေးယဉ်ကျေးမှုသစ်

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။ ဤသို့ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကန်မှု၊ ရွေးကောက်ပွဲကော်မရှင်၏ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပပေးနိုင်မှု၊ မဲဆန္ဒရှင်ပြည်သူများ၏ စည်းကမ်းရှိစွာ မဲပေးမှု၊ နိုင်ငံရေးပါတီများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံခွင့်တောင်းခံလာသည့်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပြီးဆုံးချိန်တွင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအလွန်ကြားကာလ တည်ငြိမ်အေးချမ်းမှု ရှိစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ထားပါသည်။

အလားတူ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့လည်း တွေ့ဆုံခွင့်တောင်းခံခဲ့မှုအပေါ် လက်ခံထားကြောင်း ကြားသိရပါသည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် ရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်နေရာအများစုဖြင့် ဦးဆောင်နိုင်မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ရွေးချယ်မှုနှင့် အဆုံးအဖြတ်ကို လေးစားလိုက်နာပြီး သတ်မှတ်အချိန်များအတိုင်း အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ဤသည်တို့ကို ထောက်ရှုလျက် မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုအခင်းအကျင်းသစ်များ တိုးတက်အောင်မြင်မှုဖြစ်ထွန်းလျက် ရှိသည်ကို ပြည်သူအများ မျက်ဝါးထင်ထင်တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ယနေ့မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုအခင်းအကျင်းသစ်သည် မတူကွဲပြားမှုများရှိလင့်ကစား ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ကြသည့် အလေ့အထကောင်းတစ်ရပ်ကို ပြည်သူလူထုအတွင်း တိုးပွားရှင်သန်အောင် တည်ဆောက်နေချိန်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စားပွဲဝိုင်းတွင် ညှိနှိုင်းအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုစနစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ပါသည်။ အားလုံးသည် ငြိမ်းချမ်းစွာအဖြေရှာပြီး အသိဉာဏ်ဖွံ့ဖြိုးမှုအဆင့်အတန်းမြင့်မားပြီး တိုးတက်သော လူမှုအသိုက်အဝန်းကို တည်ဆောက်နေကြပြီဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ငါနှင့်မတူ ငါ့ရန်သူဟူသော အတွေးအခေါ်အယူအဆများကို ဖယ်ရှားပြီး တိုးတက်သော ခေတ်သစ်အမြင်ဖြင့် နိုင်ငံရေးယဉ်ကျေးမှုခေတ်သစ်၊ စနစ်သစ်နှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်အလေ့အထကောင်းများ ရှင်သန်အောင် မွေးမြူအပ်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




## လွတ်လပ်တရားမျှတသောရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအခြေအနေများနှင့် နှစ်နိုင်ငံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါ်လှဲ့လှဲ့သိန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီး Takeshi HARA လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## မိုင်းဆတ်ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**တောင်ကြီး နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီနှင့် ဆန်းတက်ပါဝါကုမ္ပဏီလီမိတက်တို့ မိုင်းဆတ်ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က နားလည်မှုစာချွန်လွှာ (MoU) စာချုပ်လက်မှတ်ရေးထိုးမည့်စာချုပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ်ချုပ်ဆိုမည့် ဆန်းတက်ပါဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်မြင့်က လုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နားလည်မှုစာချွန်လွှာ (MoU) စာချုပ် လက်မှတ်ရေးထိုးရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်တို့နှင့်အတူ ဆန်းတက်ပါဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့တို့က အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဒုတိယအကြိမ်မြောက် ပန်းပွဲတော် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၃**

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ပန်းပွဲတော်အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ဓာတ်ပုံပြိုင်ပွဲအတွက် ဒီဇင်ဘာ ၄ ရက် နောက်ဆုံးထားကာ ပြိုင်ပွဲဝင်ဓာတ်ပုံများ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ ဒေသပတ်ဝန်းကျင်၏ သာယာလှပမှုများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ သာယာလှပမှုများကို တွဲဖက်ရိုက်ကူးထားသော ပန်းအလှပုံများ ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ငါးပုံတင်သွင်းယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထားပြီး အမျိုးသား ကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်မြို့) သို့မဟုတ် အထက်မြန်မာပြည် ဓာတ်ပုံအသင်း တိုက်သို့ပေးပို့ရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီမှစတင်၍ ရွေးချယ်မည်ဖြစ်သည်။ ဓာတ်ပုံရိုက်ကူးခွင့် ကတ်ပြားများနှင့် ဝင်ခွင့်ဖောင်များကို အမျိုးသား ကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်မြို့) သို့မဟုတ် အထက်မြန်မာပြည် ဓာတ်ပုံအသင်းတိုက်သို့ ဆက်သွယ်ထုတ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း ၀၉-၄၄၄၀၂၀၆၇၈၊ ၀၉-၂၅၆၁၁၄၄၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင်မြို့၏ ပန်းပွဲတော်ကို ယခုနှစ်တွင်(၁၀)နှစ်ပြည့် အခမ်းအနားအဖြစ် ကျင်းပနိုင်ခြင်းဖြစ်ပြီး ပန်းပွဲတော်နှင့်အတူ ဂီတပွဲတော်ကို (၁၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပနေကြအတိုင်း ဒီဇင်ဘာလတွင် ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်တော့မည်ဖြစ်သည်။ **ကျော်ထူး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၈၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၀၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၈၄ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၉၇ |

ခင်ရတနာ-စုစည်းသည်။

*ကျောဖုံးမှ*

ကူညီသည့် အခမဲ့လူမှုရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း၊ ဤကဲ့သို့ဖြစ်ရခြင်းမှာ ထေရဝါဒဗုဒ္ဓသာသနာ ခိုင်မာစွာရှိနေခြင်း၏ အကျိုးကျေးဇူးကြောင့်ဖြစ်နိုင်ကြောင်း Charities Aid ဖောင်ဒေးရှင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်းကို Lifehacker.com သတင်းဝက်ဘ်ဆိုက်တွင် ကိုးကားဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်များထဲမှ ထူးခြားချက်တစ်ရပ်မှာ အမျိုးသားများမှာ အမျိုးသမီးများထက်ပို၍ ပေးကမ်းစွန့်ကြဲချင်ကြကြောင်း၊ လူငယ်လူရွယ်များမှာလည်း ယခင်ကထက်ပို၍ လူမှုရေးလုပ်ငန်းများတွင် ပါဝင်လာကြကြောင်း၊ ကမ္ဘာပေါ်ရှိ ပေးကမ်းစွန့်ကြဲမှုသဒ္ဓါတရားအကောင်းဆုံးနိုင်ငံအချို့မှာ ဆင်းရဲသောနိုင်ငံများထဲက ဖြစ်ကြောင်းဆိုသည်။

ကမ္ဘာ့ထိပ်တန်းပေးကမ်းစွန့်ကြဲမှု အများဆုံး ၁၀ နိုင်ငံ၏အဆင့်နှင့် ၎င်းတို့၏ပေးကမ်းစွန့်ကြဲမှု ရမှတ်များမှာ (၁) မြန်မာနိုင်ငံ (၆၆ ရာခိုင်နှုန်း)၊ (၂) အမေရိကန်ပြည်ထောင်စု (၆၁ ရာခိုင်နှုန်း)၊ (၃) နယူးဇီလန် (၆၁ ရာခိုင်နှုန်း)၊(၄) ကနေဒါ (၆၀ရာခိုင်နှုန်း)၊ (၅) ဩစတြေးလျ (၅၉ ရာခိုင်နှုန်း)၊ (၆) ယူကေ (၅၇ ရာခိုင်နှုန်း)၊ (၇) နယ်သာလန် (၅၆ ရာခိုင်နှုန်း)၊ (၈) သီရိလင်္ကာ (၅၆ ရာခိုင်နှုန်း)၊ (၉) အိုင်ယာလန် (၅၆ ရာခိုင်နှုန်း)၊ (၁၀) မလေးရှား (၅၂ ရာခိုင်နှုန်း) ဖြစ်ကြောင်း သိရသည်။

*ရှေ့ဖုံးမှ*

ရလဒ်တွေဖြစ်လာမယ့်အပြင် မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်လည်း အလားအလာကောင်းတစ်ခု ဖြစ်ပါတယ်၊ ပြောင်းလဲမှုဖြစ်စဉ်များထဲက အရေးကြီးတဲ့ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။

နိုင်ငံခေါင်းဆောင်တွေက ပြည်သူတွေနဲ့လက်တွဲပြီး လူမှုရေး၊ စီးပွားရေးစတဲ့ အခန်းကဏ္ဍတွေမှာ ဘယ်လိုရှေ့ဆက်ကြမလဲဆိုတဲ့ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့လိုပါတယ်။ အဲဒီလို ရှေ့ဆက်ကြမယ့်အခါမှာ စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်ကြရမှာ မလွဲမသွေပါပဲ” ဟု ပြောကြားသည်။

ဆက်လက်၍ “အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေ၊ ဒီမိုကရေစီပြောင်းလဲမှု ဖြစ်စဉ်မျိုးနဲ့ ငြိမ်းချမ်းရေး ထူထောင်ရေးကိစ္စတွေမှာ အကူအညီတွေ ပေးနေပါတယ်၊ မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေထဲက မကြာမီက လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ရေလွှမ်းမိုးမှုဖြစ်စဉ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး ပြီးစီးခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေ ဥပမာ- ရခိုင်ပြည်နယ်ကိစ္စမျိုးတွေကို ဆက်လက်စောင့်ကြည့်လေ့လာသွားမှာဖြစ်ပါတယ်။”

“ယခု ပြီးခဲ့တဲ့ရွေးကောက်ပွဲကို တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသလားလို့မေးခဲ့ရင် ဘယ်ရွေးကောက်ပွဲဖြစ်စဉ်မှ ပြီးပြည့်စုံတယ်ဆိုတာ မရှိခဲ့ပါဘူး။ မြန်မာနိုင်ငံမှာမှ မဟုတ်ပါဘူး။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာလည်း အဆင်ပြေချောမွေ့တာမဟုတ်ပါဘူး။ အခုလိုမျိုး အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်နိုင်ခဲ့တာ မယုံနိုင်စရာကောင်းလှပါပြီ။ ဒီရွေးကောက်ပွဲက အတွေ့အကြုံတွေကို အခြေခံပြီး နောင်လာမယ့်ရွေးကောက်ပွဲတွေမှာ ပိုကောင်းအောင် ဆက်လုပ်ဖို့ပဲရှိပါတယ်” ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

**တိမ်ထူထပ်နေ**

နေပြည်တော် နိုဝင်ဘာ ၁၃ **ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။** (မိုး/ဇလ)

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ် အများစုအနိုင်ရရှိ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၉ ရက်မှစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့ည ၉ နာရီအထိ ထုတ်ပြန်ကြေညာမှုများအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄၇ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၃၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၅၉ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်(တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၈၅၁ ဦး အနိုင်ရရှိခဲ့ကြသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၇ ဦးအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းတွင် ကိုယ်စားလှယ် ၃၇၈ ဦး အနိုင်ရရှိခဲ့ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အရေအတွက်၏ ထက်ဝက်ကျော်သွားပြီဖြစ်၍ အစိုးရဖွဲ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၈၃ / ၂၀၁၅ )**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးလင်းလင်းဦး | ၁/တနန(နိုင်) ၀၀၈၉၀၅ | တနိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးလာမာလေး | ၁/မကန(နိုင်) ၁၀၇၂၁၀ | ဆော့လော် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) |
| (၃) | ဦးဝင်းအောင် | ၁/မကတ(နိုင်) ၀၀၀၄၃၅ | မိုးမောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၄) | ဒေါ်နန်းသန်းသန်းလွင် | ၃/ဘအန(နိုင်) ၀၁၃၈၃၁ | ဘားအံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၅) | ဦးစံခင် | ၄/ကပလ(နိုင်) ၀၀၁၄၀၆ | ကန်ပက်လက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၆) | ဒေါက်တာလှိုင်မြင့်ဟန် | ၅/ကဘလ(နိုင်) ၀၀၄၂၉၄ | ကန့်ဘလူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးထွန်းဝင်း | ၅/ကလန(နိုင်) ၀၃၁၂၄၆ | ကွန်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဝင်းသိန်းဇော် | ၅/ဆလက(နိုင်) ၀၂၀၄၂၀ | ဆားလင်းကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးမြင့်ကြည် | ၅/ကသန(နိုင်) ၀၀၄၁၇၉ | ကသာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးမောင်မောင် | ၅/ထခန(နိုင်) ၀၂၄၆၂၄ | ထီးချိုင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးကျော်စိုး | ၅/ဗမန(နိုင်) ၀၁၉၈၆၈ | ဗန်းမောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးမျိုးဇော်အောင် | ၅/ကလတ(နိုင်) ၀၆၁၂၀၄ | ကောလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါ်အေးအေးမူ(ခ) ရှားမီး | ၅/ကလထ(နိုင်) ၀၂၁၇၀၇ | ကလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်ချိုချိုဝင်း | ၅/မလန(နိုင်) ၀၀၁၆၇၅ | မော်လိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးမျိုးညွန့် | ၅/ဟမလ(နိုင်) ၀၁၅၀၉၆ | ဟုမ္မလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးကျော်ငွေး | ၅/လရန(နိုင်) ၀၀၂၉၂၈ | လေရှီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၇) | ဦးအောင်စိန် | ၆/ထဝန(နိုင်) ၀၀၅၈၆၀ | ထားဝယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးစိုးပိုင်ငွေး | ၆/မအရ(နိုင်) ၀၉၃၂၄၃ | မြိတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးအုန်းခင် | ၆/ပလန(နိုင်) ၀၀၂၀၂၀ | ပုလော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးသက်နိုင်ဦး | ၆/ထဝန(နိုင်) ၀၀၀၂၃၈ | ရေဖြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးခင်ဇော် | ၆/ကသန(နိုင်) ၀၃၂၀၆၆ | ကော့သောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၂၂) | ဦးလှသန်း | ၇/ကဝန(နိုင်) ၀၈၅၀၉၂ | ကဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးစောသလေးစော | ၁၃/လရန(နိုင်) ၁၀၄၈၆၉ | ရွှေကျင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးကြည်မိုးနိုင် | ၇/ရတရ(နိုင်) ၀၂၆၉၅၅ | ရေတာရှည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးသန်းညွန့် | ၇/ဖမန(နိုင်) ၀၀၃၆၃၀ | ဖြူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဒေါက်တာခင်စိုးစိုးကြည် | ၁၄/မမန(နိုင်) ၀၀၈၂၃၂ | ပြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးဇော်မင်း | ၇/အဖန(နိုင်) ၀၂၆၈၃၅ | အုတ်ဖို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဦးကျော်မျိုးမင်း | ၇/မညန(နိုင်) ၀၆၀၂၆၂ | မိုးညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးငွေမင်းသိန်း | ၇/ကပက(နိုင်) ၀၀၀၁၆၃ | ကြို့ပင်ကောက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃၀) | ဦးစစ်အေး | ၉/အမရ(နိုင်) ၀၀၆၂၁၂ | တောင်သာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးကိုကိုနိုင် | ၁၃/မမတ(နိုင်) ၀၂၈၁၁၂ | ရမည်းသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဒေါက်တာစိုင်းလှသိန်း | ၉/မနတ(နိုင်) ၀၁၆၀၆၉ | ချမ်းမြသာစည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပြည်ထောင်စုနယ်မြေ** | | | | |
| (၃၃) | ဦးလှငွေးဝင်း | ၁၂/မရက(နိုင်) ၀၀၅၂၀၅ | ဇေယျာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးရည်မွန်(ခ) မောင်တင်သစ် | ၉/ပမန(နိုင်) ၁၃၁၈၉၅ | ပုဗ္ဗသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးကျော်မင်းလှိုင် | ၇/သကန(နိုင်) ၀၈၃၃၅၀ | ဥတ္တရသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော် | ၁၂/လသန(နိုင်) ၀၁၇၁၄၂ | ဇမ္ဗူသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးသန့်ဇင်ထွန်း | ၉/လဝန(နိုင်) ၁၂၁၄၇၀ | ဒက္ခိဏသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးသန်းစိုးအောင် | ၉/ပမန(နိုင်) ၁၀၉၁၁၆ | ပျဉ်းမနား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၉) | ဦးကျော်တင့် | ၉/တကန(နိုင်) ၀၀၈၇၆၁ | တပ်ကုန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) | ဦးမျိုးဇော်ဦး | ၈/အလန(နိုင်) ၁၁၈၉၃၆ | လယ်ဝေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၄၁) | ဦးမောင်သိန်းခိုင် | ၁၁/စတန(နိုင်) ၀၁၅၁၅၀ | စစ်တွေ | ရခိုင်အမျိုးသားပါတီ |
| (၄၂) | ဦးလှထွန်းကျော် | ၁၁/မတန(နိုင်) ၀၀၈၅၀၃ | မောင်တော | ရခိုင်အမျိုးသားပါတီ |
| (၄၃) | ဦးအောင်သောင်းရွှေ | ၁၁/ဘသတ(နိုင်) ၀၀၅၄၈၆ | ဘူးသီးတောင် | ရခိုင်အမျိုးသားပါတီ |
| (၄၄) | ဦးကျော်ရွှေ | ၁၁/ရဗန(နိုင်) ၀၂၆၂၅၇ | ရမ်းဗြဲ | ရခိုင်အမျိုးသားပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄၅) | ဦးကျော်မြင့် | ၁၄/ဇလန(နိုင်) ၀၃၈၂၄၄ | တိုက်ကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၆) | ဒေါက်တာမျိုးအောင် | ၁၂/ဒဂမ(နိုင်) ၀၀၈၆၂၀ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၇) | ဦးအောင်ဝင်း | ၁၂/မဘန(နိုင်) ၀၃၈၂၈၃ | မှော်ဘီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၈) | ဒေါက်တာသန်းမြင့် | ၁၂/လမတ(နိုင်) ၀၂၈၉၁၁ | လှိုင်သာယာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၉) | ဦးနေဖူးဗဆွေ | ၁၂/စခန(နိုင်) ၀၄၉၆၀၆ | ပန်းဘဲတန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၅၀) | ဦးခွန်မောင်သောင်း | ၁၃/ပလန(နိုင်) ၀၀၂၅၆၁ | ပင်လောင်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO) ပါတီ |
| (၅၁) | ဦးဝင်းထူး | ၁၃/ကမန(နိုင်) ၀၆၅၁၁၀ | နမ့်ဆန် | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၅၂) | ဦးထွန်းကျော် | ၁၃/နခန(နိုင်) ၀၂၀၆၇၀ | နမ့်ခမ်း | တအာင်း(ပလောင်) အမျိုးသားပါတီ |
| (၅၃) | ဦးတီခွန်မြတ် | ၁၃/ကခန(နိုင်) ၀၀၃၉၂၉ | ကွတ်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၄) | ဦးစတီဖန် | ၁၃/ကတန(နိုင်) ၀၁၁၂၉၃ | ကျိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၅၅) | ဦးသိန်းထွန်း | ၁၄/ပသရ(နိုင်) ၀၀၉၈၄၇ | ကျောင်းကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဓားစာခံများကိုသတ်ခဲ့သည့် စစ်သွေးကြွ ဂျီဟတ်ဒီဂျွန်အား အမေရိကန်လေတပ် ပစ်မှတ်ထားတိုက်ခိုက်နေ




**ဝါရှင်တန် နိုဝင်ဘာ ၁၃**

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား အမေရိကန်က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာတွင် ဓားစာခံအဖြစ်ဖမ်းဆီးခံရသော အမေရိကန်နှင့်ဗြိတိသျှလူမျိုးများအား သတ်ဖြတ်မှုဗီဒီယိုမှတ်တမ်း၌ ပါဝင်သော ဂျီဟတ်ဒီဂျွန်အမည်ရှိစစ်သွေးကြွကို ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

အမေရိကန်တိုက်လေယာဉ်များမှာ အိုင်အက်စ်အခြေကုပ် ရက်ကွာမြို့ကို အဓိကထား၍တိုက်ခိုက်လျက်ရှိသည်ဟု ပင်တဂွန်တာဝန်ရှိသူများက ပြောသည်။ အဆိုပါစစ်သွေးကြွသေဆုံးကြောင်း အတည်ပြုနိုင်လျှင် အမေရိကန်ဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုသည် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။ အဆိုပါစစ်သွေးကြွသည် တစ်ကိုယ်လုံးအနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကမ္ဘာကအလိုရှိဆုံး စစ်သွေးကြွတစ်ဦးဖြစ်သည်။

အမ်ဝါဇီအမည်ရှိအဆိုပါစစ်သွေးကြွသည်အမေရိကန် သတင်းထောက် ဂျိမ်းစ်ဖိုလေးနှင့် စတီဗင်စကော့လောက်၊ အမေရိကန်အကူအညီပေးရေးလုပ်သား ပီတာကစ်ဆင်၊ ဗြိတိသျှအကူအညီပေးရေးလုပ်သားများဖြစ်ကြသည့် ဒေးဗစ်ဟိုင်းနက်စ်နှင့် အလန်ဟန်နင်၊ ဂျပန်သတင်းထောက်ကင်ဂိုတိုနှင့် အခြားဓားစာခံများကို သတ်ဖြတ်သည့် ဗီဒီယို၌ ပါဝင်ခဲ့သူဖြစ်သည်။

(ရိုက်တာ)

# အမေရိကန် ဗုံးကြဲလေယာဉ်များ တောင်တရုတ်ပင်လယ် ကျွန်းတုအနီး ကင်းလှည့်ပျံသန်း



**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန် B52 ဗုံးကြဲလေယာဉ်နှစ်စင်းသည် တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံ၏ လူလုပ်ကျွန်းတုများအနီး ဝဲပျံသွားခဲ့ကြောင်း ပင်တဂွန်က ကြာသပတေးနေ့တွင် ပြောသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် လာမည့်သီတင်းပတ်အတွင်း အေပက်ထိပ်သီး အစည်းအဝေးတက်ရောက်ရန် ပြင်ဆင်နေချိန် အမေရိကန်က အဆိုပါ အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်လေယာဉ်များ ပျံသန်းခဲ့ခြင်းဖြစ်သည်။

နှစ်စဉ် ပင်လယ်ရေကြောင်းခရီးသွားလာမှုဖြင့် အမေရိကန်ဒေါ်လာ ၅ ထရီလီယံဝင်ငွေရရှိနေသော တောင်တရုတ်ပင်လယ်ရေပြင်၏ အများစုကို တရုတ်တို့က ယင်းတို့ပိုင်ဆိုင်ကြောင်းပြောဆိုလျက်ရှိသည်။

အမေရိကန်အနေဖြင့် ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် တရုတ် တိုင်ပေတို့ကလည်း တောင်တရုတ် ပင်လယ်အတွင်း ပိုင်ဆိုင်ကြောင်း ပြောဆိုနေသည့် ရေလမ်းကြောင်းပေါ်တွင် ကင်းလှည့်မှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်က ပြောသည်။

အဆိုပါ ကျွန်းတုအပေါ် နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက် ညပိုင်းတွင် အမေရိကန်ဗုံးကြဲလေယာဉ်များက ဝဲပျံကင်းလှည့်ခဲ့သည်ဟုဆိုသည်။

သို့သော် တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ပြောဆိုနေသည့် အဆိုပါ ကျွန်းတုအနီး ရေမိုင် ၁၂ မိုင်အတွင်း ဝင်ရောက်ခဲ့ခြင်းမရှိဟု ဆိုသည်။

(ရိုက်တာ)

# တရုတ်ဝန်ကြီးချုပ် လီခကျန်း ဘီလ်ဂိတ်နှင့်တွေ့ဆုံ

**ပေကျင်း နိုဝင်ဘာ ၁၃**

တရုတ်နိုင်ငံဝန်ကြီးချုပ် လီခကျန်းသည် နိုဝင်ဘာ ၁၂ ရက်က မြို့တော်ပေကျင်း၌ ကမ္ဘာ့ကုဋေကြွယ်သူဌေးတစ်ဦးဖြစ်သူ ဘီလ်ဂိတ်နှင့်တွေ့ဆုံခဲ့သည်။ တရုတ်နိုင်ငံသည် ရာသီဥတုပြောင်း လဲခြင်း၊ ချူကလီးယားစွမ်းအင်အပါအဝင် သန့်ရှင်းသောစွမ်းအင် တိုးတက်ဖြစ်ပေါ်ရေးစသည့်ကဏ္ဍများတွင် အခြားနိုင်ငံများနှင့် အတူတကွလက်တွဲဆောင်ရွက်ရန် အဆင်သင့်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီကပြောခဲ့သည်။

တရုတ်နိုင်ငံ၏ ထုတ်လုပ်စရိတ်လျှော့ချခြင်းနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များဖော်ဆောင်ရေး၊ အလုပ်ခွင်လုံခြုံစိတ်ချမှုရှိရေးစသည့် အခြေအနေများအောက်တွင် တရုတ်တို့နှင့်ပူးတွဲသုတေသနလုပ်ခြင်းနှင့် တိုးတက်မှုဖြစ်စဉ်များဆောင်ရွက်ရန်အတွက် အမေရိကန် ကုမ္ပဏီများက ၎င်းတို့၏ နည်းပညာများ၊ ပုံစံအသစ်များနှင့် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာမည်ကို ယုံကြည်မျှော်လင့်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏ ချူကလီးယားစွမ်းအင်ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင်လည်း ပါဝင်မည်ဟု မျှော်လင့်မိကြောင်းစသည်ဖြင့် တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။

ကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် ဈေးကွက်၌ ချူကလီးယားစွမ်းအင် ရရှိရန် နိုင်ငံနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရာတွင် တရုတ်အစိုးရကကူညီပေးမည်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

တရုတ်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်သစ်အသုံးပြုစက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်လာမှုကို အသိအမှတ်ပြုကြောင်း ဘီလ်ဂိတ်က ပြောကြားသည်။

နှစ်နိုင်ငံကုမ္ပဏီများပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နည်းပညာသစ်များ စမ်းသပ်တီထွင် ဖော်ဆောင်မှုနှင့် စက်မှုလုပ်ငန်းများတွင် ရှေ့တိုးလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းစက်မှုလုပ်ငန်းများမှ စဉ်ဆက်မပြတ်တိုးတက်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် သန့်ရှင်း ကောင်းမွန်သော စွမ်းအင်များကို ထောက်ပံ့ပေးသွားနိုင်မည်ဖြစ်ကြောင်း ဘီလ်ဂိတ်က ဆက်လက်ပြောကြားခဲ့သည်။ (ဆင်ဟွာ)

# ဘေရွတ်၌ အသေခံဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်၊ အနည်းဆုံး ၄၃ ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

**ဘေရွတ် နိုဝင်ဘာ ၁၃**

လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်၌ နိုဝင်ဘာ ၁၂ရက်ညနေပိုင်းက အသေခံဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၄၃ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုသည် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများလက်ချက်ဖြစ်သည်ဟု ယူဆကြသည်။

ဗုံးပေါက်ကွဲမှုများသည် လူစည်ကားချိန် ဘေရွတ်တောင်ဘက်ဆင်ခြေဖုံးနေရာများ၌ မိနစ်ပိုင်းသာခြားပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်လုံခြုံရေးအာဏာပိုင်များက ပြောသည်။

ယခုချိန်အထိ ၄၃ ဦး သေဆုံးကြောင်းကို ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပေးခဲ့ပြီး အခြား ၂၃၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာသည်။



လက်ဘနွန်စစ်သွေးကြွ ဟစ်ဇ်ဘိုလာ ထိန်းချုပ်နယ်မြေဖြစ်သော အဆိုပါဒေသတွင် အိုင်အက်စ်စစ်သွေးကြွနှစ်ဦးက ဗုံးဖောက်ခွဲမှုကိုပြုလုပ်ခဲ့ကြောင်း အိုင်အက်စ်စစ်သွေးကြွများက အွန်လိုင်းတွင် လွှင့်တင်ဖော်ပြခဲ့သည်။

ဘေရွတ်တောင်ပိုင်းသည် အိုင်အက်စ်စစ်သွေးကြွများအပါအဝင် ဆွန်နီစစ်သွေးကြွများကို တိုက်ခိုက်နေသော ဟစ်ဇ်ဘိုလာများ၏ခြေကုပ်ယူရာနေရာဖြစ်သည်။

ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ဘာသာရေး ပဋိပက္ခများသည် လက်ဘနွန်တွင် ဖြစ်ပွားလျက်ရှိပြီး အခြားအကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆူပူအကြမ်းဖက်မှုများသည် ယင်းဒေသတွင် ဖြစ်ပွားလျက်ရှိသည်။ သို့သော်လည်း မကြာသေးမီကာလက ဘေရွတ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံမှုရရှိရေးအတွက် ဆောင်ရွက်နေကြောင်းသိရသည်။

(အင်န်အိတ်ချ်ကေ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်တက်ရောက်၍ ရှင်းလင်းဖြေကြားသည်။ **(အောက်ပုံ)**

သတင်းစာရှင်းလင်းပွဲတွင် ဦးမြင့်နိုင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၃၂၃ နေရာတွင် ၂၉၈ နေရာနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာတွင် ၁၅၄ နေရာ ကြေညာပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၃၀ နေရာတွင် ၅၅၀ နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် ၂၉ နေရာတွင် ၁၇ နေရာ ကြေညာပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲရလဒ်များကို ၈၉ ရာခိုင်နှုန်း ကြေညာပြီးဖြစ်ပါကြောင်း၊ နေ့စဉ် မြို့နယ်များမှတင်ပြချက်များအပေါ် စိစစ်ပြီး ထုတ်ပြန်ပေးလျက်ရှိရာ ထပ်မံထုတ်ပြန်ရန် အနည်းငယ်သာ ကျန်ရှိပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနိုင်ရသည့်လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာပြီး ၄၅ ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်၏လုပ်ဆောင်ချက်အစီရင်ခံစာကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အပြီးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့်သတင်းမီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့ညနေ ၄ နာရီအထိ မဲရလဒ်ထုတ်ပြန်ပြီးစီးမှုအခြေအနေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦးတွင် ၂၉၈ ဦး၏အမည်စာရင်းကို ထုတ်ပြန်ခဲ့သဖြင့် ၉၂ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ၁၅၄ ဦး၏အမည်စာရင်းကိုထုတ်ပြန်ခဲ့သဖြင့် ၉၂ ရာခိုင်နှုန်းနှင့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၁၅၀ ဦးတွင် ၁၀၉၉ ဦး ထုတ်ပြန်ပြီးဖြစ်၍ ၈၉ ရာခိုင်နှုန်း ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ရွေးကောက်ပွဲရလဒ်များကိုအခြေပြု၍ ဆက်လက်ဆောင်ရွက်ပေးရမည့် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**သတင်းထုတ်ပြန်ချက် (၇/၂၀၁၅)**
**၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်**

၁။ လွှတ်တော်အသီးသီး၏ ဒုတိယသက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ထိုသို့ အောင်မြင်သောရွေးကောက်ပွဲများကျင်းပနိုင်ရန် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ပြည်တွင်း/ပြည်ပဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားပြည်သူများအားလုံးကို ပြည်ထောင်စုလွှတ်တော်ကိုယ်စား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

၂။ ရွေးကောက်ပွဲရလဒ်များကိုအခြေပြု၍ ဆက်လက်ဆောင်ရွက်ပေးရမည့် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများခေါ်ယူကျင်းပနိုင်ရေးလုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပူးပေါင်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**

***ကျောဖုံးမှ***

ဖြစ်ပြီး ရှေ့ပိုင်းတွင် ကရင်ပြည်နယ် မျိုးဆက်သစ်လက်ဝှေ့ချန်ပီယံများမှ ရိုးရာလက်ဝှေ့ပွဲစဉ် သုံးချီပြိုင်ပွဲတွင် တစ်ချီထိုး တစ်ခါနား ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထိုင်း-မြန်မာ ချစ်ကြည်ရေး စိန်ခေါ်ပွဲစဉ်များတွင် သွေးသစ်ဝင်းလှိုင်(မြန်မာ)နှင့် ဖားမီချိုင်း(ထိုင်း)၊ စောလှကြည်ထူး(မြန်မာ)နှင့် ရော့စင်း(ထိုင်း)၊ ရဲသွေးနီ(မြန်မာ)နှင့် စီလာထောင်း(ထိုင်း)၊ ကြယ်လင်းအောင်(မြန်မာ)နှင့် ဆဲလ်မော်ရိုကို (ထိုင်း)၊ ဖိုးလပြည့်(မြန်မာ)နှင့် ဖားမော်ခွန်း(ထိုင်း)၊ စိုးလင်းဦး(မြန်မာ)နှင့် လက်ပူလီလိတ်(ထိုင်း)၊ မိုက်ရိုင်း(မြန်မာ)နှင့် ပိုင်စီထောင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၁၂ ရက် တတိယနေ့ပွဲစဉ်တွင် သွေးသစ်ဝင်းလှိုင်(မြန်မာ) နှင့် ဖားမီချိုင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ သုံးချီမြောက်အပြန်အလှန် အကြိတ်အနယ်ထိုးသတ်ကြပြီး လေးချီမြောက်တွင် သွေးသစ်ဝင်းလှိုင်က ဖားမီချိုင်းကို အလဲထိုးအနိုင်ရခဲ့ကြောင်းနှင့် ရိုးရာအောင်လံဗိုလ်လုပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဖွင့်လှစ်ထားသော မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက်မှစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဆက်လက်ထုတ်ပြန်ကြေညာခဲ့သည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၇ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၀၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်(တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးတို့၏အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် ၃၀၈ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၄၇ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၈ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂ ဦး၊ “ဝ” ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၂ ဦး၊ ရခိုင်အမျိုးသားပါတီမှ ရှစ်ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ သုံးဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ သုံးဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၀ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၃၁ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သုံးဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ခုနစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ တစ်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ နှစ်ဦးတို့ ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၀၀ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၅၉ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၇၀ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ “ဝ” ဒီမိုကရက်တစ်ပါတီမှ နှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ သုံးဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၆ ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး၊ မွန်အမျိုးသားပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၃ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီမှ ခြောက်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ ခုနစ်ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ တစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ တစ်ဦး၊ “ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) တစ်ဦး၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) တစ်ဦး၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲလွတ်လပ်မျှတ အောင်မြင်စွာကျင်းပနိုင်မှုနှင့် ဆန္ဒမဲရလဒ်ကိုအတည်ပြုပြီး ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များဆွေးနွေး





**နေပြည်တော် နိုဝင်ဘာ ၁၃**

ပါတီစုံဒီမိုကရေစီစနစ်၏ ဒုတိယသက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရန်မှာ တပ်မတော်၏ဆန္ဒပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တာဝန်ရှိသူများ၏ လုပ်ဆောင်ချက်များအပေါ် ပြည်တွင်း ပြည်ပမှ သံသယရှိကောင်းရှိနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့တာဝန်ယူလုပ်ဆောင်ခဲ့သည့် သက်တမ်းတွင် တိုးတက်အောင်မြင်မှုကို ပြသရန် တာဝန်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူကိုကာကွယ်စောင့်ရှောက်မှု၊ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်မှုနှင့် တိုင်းပြည်၏လုံခြုံမှု ဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် လုပ်ဆောင်ချက်များဖြင့် သက်သေပြရမည်ဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲနှင့်ပတ်သက်၍ စတင်ဆောင်ရွက်ချိန်မှ ရွေးကောက်ပွဲကာလအထိ မိမိတို့အနေဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ခဲ့ပြီး သံသယကင်းပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Derek Mitchell အား လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးစဉ် အထွေထွေရွေးကောက်ပွဲ လွတ်လပ်မျှတစွာဖြင့် အောင်မြင်စွာကျင်းပနိုင်မှုနှင့် ပြည်တွင်း ပြည်ပ စောင့်ကြည့်လေ့လာနိုင်မှု၊ ဆန္ဒမဲရလဒ်အတည်ပြုထုတ်ပြန်နိုင်မှုအခြေအနေများ၊ ဆန္ဒမဲရလဒ်ကို အတည်ပြုပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်မည့်အခြေအနေ၊ လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မှုနှင့် ဆက်လက်လုပ်ဆောင်ရန်များ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေ၊ အမေရိကန်ပြည်ထောင်စုနှင့် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးရလဒ် ထွက်ပေါ်လာနိုင်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

# ရွေးကောက်ပွဲရလဒ်ပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ရာတွင် တပ်မတော်၏ အခန်းကဏ္ဍများဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၃**

ရွေးကောက်ပွဲ ရလဒ်ကြောင့်ဖြစ်စေ၊ အခြားတစ်ခုခုကြောင့်ဖြစ်စေ တပ်မတော်အနေဖြင့် နောက်ကြောင်းပြန်လှည့်ရန်မရှိဘဲ အနာဂတ်တွင် လက်ရှိသွားနေသည့် နိုင်ငံရေးလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရေး၊ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိသည့်အဖွဲ့များကို ပါဝင်လာစေပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေးနှင့် တိုင်းပြည်တစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရှိရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဝိုင်းဝန်းဆောင်ရွက်ရာတွင် တပ်မတော်ကလည်း ပူးပေါင်းပါဝင် လုပ်ဆောင်ရေးတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နောင်ဖြစ်ပေါ်လာမည့် အစိုးရနှင့်လက်တွဲ၍ တိုင်းပြည်ကောင်းအောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Tateshi HIGUCHI အား လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးစဉ် လွတ်လပ်၍မျှတသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်မှုနှင့် ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲအပေါ် ထင်မြင်ယူဆချက်၊ သုံးသပ်ချက်များ၊ ရွေးကောက်ပွဲရလဒ်ပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ရာတွင် တပ်မတော်၏ အခန်းကဏ္ဍများ၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒနှင့် ဆက်ဆံရေးအခြေအနေများ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

**(မြဝတီ)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈၄ / ၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဇယ်ခေါင် | ၁/ဝမန(နိုင်) ဝ၅၄၉၈ဝ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးနိုင်ကိုကို | ၅/ရဘန(နိုင်) ၁၂၇၈၅၃ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၃) | ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် | ၁၂/အစန(နိုင်) ဝ၄၄၂၇၁ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးစောသန်းထွဋ် | ၃/ဘအန(နိုင်) ဝ၂၈၂၉၄ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၅) | ဦးအောင်ဝင်း | ၆/ထဝန(နိုင်) ဝ၂ဝ၂၈၆ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာလင်းဝေဖြိုးလတ် | ၆/မအရ(နိုင်) ဝ၉၅၂ဝ၂ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးတင်ဝေ | ၆/မအရ(နိုင်) ဝ၂၈၄၆၃ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးကင်းရှိန် | ၆/ပလန(နိုင်) ဝ၃၅၅ဝ၇ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးဟန်ဝင်းသိန်း | ၆/ထဝန(နိုင်) ဝ၆၄၆၁၉ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးဇော်ဟိန်း | ၆/ကစန(နိုင်) ဝ၇ဝ၇၁၈ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးဥက္ကာမင်း | ၆/မမန(နိုင်) ၁၁၄၉၄၂ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးစိုးသိန်း(ခ)ဦးမောင်စိုး | ၁၂/ဒပန(နိုင်) ဝ၂၄၄၆၈ | အမှတ်(၁ဝ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါက်တာခင်မောင်ဝင်း | ၆/ကသန(နိုင်) ဝဝ၃၁၂၅ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၄) | ဒေါက်တာသန်းဝင်း | ၉/မရမ(နိုင်) ဝဝ၉၇ဝ၈ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးထွန်းထွန်းဦး | ၉/မရတ(နိုင်) ဝ၄၅၁၃၇ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် | ၉/မသန(နိုင်) ဝဝ၉ဝ၅၂ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးအောင်မျိုးလတ် | ၉/မခန(နိုင်) ၁၅၈၉ဝ၂ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဒေါက်တာဦးကြွယ်ကြွယ် | ၁၄/ဘကလ(နိုင်)ဝဝ၄၇၅ဝ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးကျော်တုတ် | ၉/ညဥန(နိုင်)၁၄၂ဝဝ၇ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂ဝ) | ဦးခင်အောင်မြင့် | ၁၂/သဃက(နိုင်) ၁၅၉၂၆၆ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးမောင်မောင်ဆွေ | ၁၂/သကတ(နိုင်) ဝ၇၃၂ဝ၃ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးကျော်မြင့်ဦး | ၉/လဝန(နိုင်) ဝဝ၇၈၆၇ | အမှတ်(၁ဝ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးစိုးအောင် | ၉/မတလ(နိုင်) ဝ၂၁၂၁၁ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးကျော်သီဟ | ၉/မမန(နိုင်) ဝ၇၇၉၉၃ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) | ၉/မရမ(နိုင်) ဝ၂၁၇၂၄ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၂၆) | ဦးတက်ထွန်းအောင် | ၁၁/ပတန(နိုင်) ဝ၁၄၈ဝ၇ | အမှတ်(၂) | ရခိုင်အမျိုးသားပါတီ |
| (၂၇) | ဦးခင်မောင်လတ် | ၁၁/စတန(နိုင်) ဝ၁၃၈၇၇ | အမှတ်(၃) | ရခိုင်အမျိုးသားပါတီ |
| (၂၈) | ဦးမောင်ကျော်ဇံ | ၁၁/မတန(နိုင်) ဝဝဝ၆၅၅ | အမှတ်(၉) | ရခိုင်အမျိုးသားပါတီ |
| (၂၉) | ဦးကျော်သန်း | ၁၃/မတန(နိုင်) ဝဝ၆၇၂၄ | အမှတ်(၁ဝ) | ရခိုင်အမျိုးသားပါတီ |
| (၃ဝ) | ဒေါ်ထုမေ | ၁၁/ရဗန(နိုင်) ဝ၅ဝ၃၂၁ | အမှတ်(၁၁) | ရခိုင်အမျိုးသားပါတီ |
| (၃၁) | ဦးစိုးဝင်း | ၁၁/ဂမန(နိုင်) ဝ၁၂၃၆၅ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၃၂) | ဒေါ်နော်လှလှစိုး | ၁၂/အစန(နိုင်) ဝ၄၃၇၅၃ | အမှတ်(၁ဝ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) | ဦးကျော်နိုင် | ၁၂/ဥကမ(နိုင်) ဝ၂ဝဝဝ၆ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၄) | ဦးဘမျိုးသိန်း | ၁၂/ဥကတ(နိုင်) ဝ၄၇၉ဝ၃ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဒေါက်တာအောင်သူ | ၁၂/တမန(နိုင်) ဝဝ၇၆၅၁ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးဖေချစ် | ၁၃/မတန(နိုင်) ဝဝ၁ဝဝ၇ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးအေးဗိုလ် | ၁၂/အလန(နိုင်) ဝ၃၁၅ဝ၁ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၃၈) | ဦးစခင်ဇော်လင်း | ၁၄/အမန(နိုင်) ဝ၁ဝ၅၂၃ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | |
|---|---|---|---|---|---|---|
| NLD | - | ၂၄၇ | ဦး | = | ၅၆. ၁၄ | % |
| USDP | - | ၂၈ | ဦး | = | ၆. ၃၅ | % |
| WDP | - | ၁ | ဦး | = | ၀. ၂၃ | % |
| KSDP | - | ၁ | ဦး | = | ၀. ၂၃ | % |
| SNLD | - | ၁၂ | ဦး | = | ၂. ၇၃ | % |
| ANP | - | ၈ | ဦး | = | ၁. ၈၂ | % |
| KDUP | - | ၁ | ဦး | = | ၀. ၂၃ | % |
| ZCD | - | ၂ | ဦး | = | ၀. ၄၅ | % |
| PNO | - | ၃ | ဦး | = | ၀. ၆၈ | % |
| TNP | - | ၃ | ဦး | = | ၀. ၆၈ | % |
| IC | - | ၁ | ဦး | = | ၀. ၂၃ | % |
| L.N.P.P | - | ၁ | ဦး | = | ၀. ၂၃ | % |
| DSPC | - | ၁၁၀ | ဦး | = | ၂၅ | % |
| CUP | - | ၁၅ | ဦး | = | ၃. ၄၁ | % |
| TNH | - | ၇ | ဦး | = | ၁. ၅၉ | % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | |
|---|---|---|---|---|---|---|
| NLD | - | ၁၃၁ | ဦး | = | ၅၈. ၄၈ | % |
| USDP | - | ၁၂ | ဦး | = | ၅. ၃၆ | % |
| IC | - | ၂ | ဦး | = | ၀. ၉၀ | % |
| ZCD | - | ၂ | ဦး | = | ၀. ၉၀ | % |
| PNO | - | ၁ | ဦး | = | ၀. ၄၅ | % |
| SNLD | - | ၃ | ဦး | = | ၁. ၃၃ | % |
| MNP | - | ၁ | ဦး | = | ၀. ၄၅ | % |
| ANP | - | ၇ | ဦး | = | ၃. ၁၂ | % |
| TNP | - | ၁ | ဦး | = | ၀. ၄၅ | % |
| DSPC | - | ၅၆ | ဦး | = | ၂၅ | % |
| CUP | - | ၈ | ဦး | = | ၃. ၅၆ | % |

ရှင်းလင်းချက် ။ ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး

**ရှင်းလင်းချက်**

ANP = ရခိုင်အမျိုးသားပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
KDUP = ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
CUP = Counting Under Process (ရေတွက်ဆဲ)
TNH = Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်)

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၉၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များမဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၆၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၁၈ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ်မဲဆန္ဒနယ် ၉၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




## ရှင်းလင်းချက်

| | | |
|---|---|---|
| NLD | = | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| USDP | = | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| SNLD | = | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| WDP | = | “ဝ” ဒီမိုကရက်တစ်ပါတီ |
| KDUP | = | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ |
| PNO | = | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ |
| ANDP | = | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| WNUP | = | “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ |
ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၈ ဒသမ ၀၁၄ သန်းဖြင့် ကြံခင်း မြို့နယ် ပိုးစုကြီး ကျေးရွာအုပ်စု ပိုးစုကြီးကျေးရွာ အိမ်ခြေ ၂၉၃ အိမ်ကို ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ပိုးစုကြီးကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများအား W-80 တစ်အိမ်ထောင်သုံး ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



## ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရယူနစ်ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်း၌ ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရယူနစ်ထောက်ပံ့ပေးခြင်းကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ဝင်းဝင်းမြနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှတာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါ ထောက်ပံ့ခြင်းအခမ်းအနားတွင် ကိုယ်ဝန်ဆောင် ၂၆ ဦးနှင့် မွေးဖွားပြီးမိခင်တစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀ တန်ဖိုးခန့်ရှိ အာဟာရယူနစ်များကိုလည်းကောင်း၊ ထပ်မံရောက်ရှိလာမည့် ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင် ၆၀ အတွက် အာဟာရယူနစ်များ ငွေကျပ် ၂၇၀၀၀၀ တန်ဖိုးခန့် ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ကျိုက်ခေါက်စေတီ တန်ဆောင်တိုင်ပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက်က ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း) က အမှာစကား ပြောကြားပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင့်လွင်က ပွဲတော်ကျင်းပရေးလုပ်ငန်း စီမံချက်ကို ရှင်းလင်းတင်ပြသည်။

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၅ ရက် ညနေတွင် (၃၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ပွဲဖွင့်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ နိုဝင်ဘာ ၂၆ ရက် တန်ဆောင်မုန်း လပြည့်နေ့ နံနက်အရုဏ်တက်တွင် ရင်ပြင်တော် အရှုံခံတန်ဆောင်းလေးသွယ် ရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းတော်များ ဆက်ကပ်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း၊ နိုဝင်ဘာ ၂၇ ရက်၊ လပြည့်ကျော် ၁ ရက်တွင် သံဃာတော် ၂၅၅ ပါးတို့အား ပဒေသာပင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## နယူးရော(၁)စပ်မျိုးစပါးစံပြကွက်ကွင်းပြ

**တပ်ကုန်း နိုဝင်ဘာ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသော နယူးရော (၁) စပ်မျိုးစပါး စံပြကွက်ကွင်းပြပွဲကို နိုဝင်ဘာ ၁၂ ရက်နံနက်က အဆိုပါရွာရှိ အဆင့်မြင့်စံပြလယ်ယာ ၅၀၃ ဧက စိုက်ခင်း၌ ကျင်းပသည်။

ကွင်းပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ နေပြည်တော်တိုင်းဦးစီးမှူး၊ ခရိုင်၊မြို့နယ် ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ညောင်လွန့်ကျေးရွာအုပ်စုရှိ တောင်သူဦးမောင်သင်၏ ပေါင်းစည်းလယ်ယာရှိ ဆင်းသုခ မျိုးသန့်ထုတ် စိုက်ခင်းနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားမှုများအား ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

မောင်ကျော်ကြီး



## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် စပါးရေနစ်/ပျက် တောင်သူများသို့ မျိုးစေ့ပေးအပ်

**မော်လိုက် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးပြီး လယ်များ၊ ပျိုးပင်များနှင့် မျိုးစေ့များ ပျက်စီးဆုံးရှုံးခဲ့ကြရသဖြင့် တောင်သူများလယ်ယာမြေလုပ်ငန်း ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်က မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းစိန်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မျိုးစေ့ထောက်ပံ့ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူတို့မှ မျိုးစေ့ထုပ်များအားထောက်ပံ့ပေးအပ်ခဲ့ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကလက်ခံခဲ့ကြကြောင်း သိရသည်။

မော်လိုက်သားလေး

### သတင်းတိုများ

## NCA လက်မှတ်ရေးထိုးခြင်း ထောက်ခံပွဲကျင်းပ

**ဘီးလင်း နိုဝင်ဘာ ၁၃**

ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာအုပ်စု ဘန့်ဘွေကုန်းကျေးရွာမူလတန်းကျောင်း ဘောလုံးကွင်း၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းထောက်ခံပွဲကို နိုဝင်ဘာ ပထမပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပိုင်ဒဝယ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝက ဩဝါဒစကားမိန့်ကြားတော်မူပြီး ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်များမှ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ဘီးလင်းမြို့နှင့် ကျိုက်ထိုမြို့နယ်များမှ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

## မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်

**ရွာင် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၂၁ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၀ ရက်က ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့်အဖွဲ့သည် မြစိမ်းရောင်စီမံကိန်းဝင်ဖြစ်သည့် ထီးလှိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရွာင်)

## တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**နမ့်ဆန် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ပညာပေးသင်တန်းကိုနိုဝင်ဘာ ၁၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာဇော်ဝင်းအောင်က အမှာစကားပြောကြားသည်။ သင်တန်းတွင် (Cesvi) အဖွဲ့သင်တန်းနည်းပြဒေါ်ဂျာထွယ်အောင်က တာဝန်ယူမှု၊ တာဝန်ခံမှု၊ သာတူညီမျှမှု၊ ပါဝင်ဆက်နွယ်မှုနှင့် ပဋိပက္ခဆိုင်ရာ ကြိုတင်ထည့်သွင်း စဉ်းစားခြင်းဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းဆိုင်ရာများ၊ ယောကျ်ား၊ မိန်းမတန်းတူ အခွင့်အရေးနှင့် မိခင်ကလေးကျန်းမာရေး အသိပညာဆိုင်ရာကိစ္စရပ်များစသည့် ခေါင်းစဉ်များဖြင့် သင်တန်းသားများက ပွင့်လင်းစွာ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်မိုး(ပြန်/ဆက်)

## လူကုန်ကူးမှုတားဆီးရေး အသိပညာပေး

**ဆားလင်းကြီး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်က ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးငယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောရခြင်း၏ ရည်ရွယ်ချက်များနှင့် မြန်မာအမျိုးသမီးတို့ သိရှိထားရမည့် မက်လုံးပေးမြူဆွယ်ခြင်းမခံကြစေရန်နှင့် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်မြတ်နိုးတန်ဖိုးထားနိုင်စေရန် စသည့်အကြောင်းအရာများကို ဆားလင်းကြီးမြို့ မြို့နယ်ဥပဒေအရာရှိနှင့် တာဝန်ရှိသူတို့က ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)



# လှိုင်သာယာ၌ အလုပ်သမား ၆၀၀ ကျော် တစ်နေ့တည်းအလုပ်လျှောက်ထား

**ရန်ကုန်  နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ၌ စက်ရုံအများဆုံးနှင့် လုပ်သားအင်အားအများဆုံးဖြစ်သည့် လှိုင်သာယာစက်မှုဇုန်၌ စက်ရုံပြောင်း အလုပ်သမားများနှင့် နယ်မှ လာရောက်အလုပ်လုပ်ကိုင်ရန် အလုပ်လျှောက်ထားသူများ များပြားလျက်ရှိပြီး ယခုပွင့်လင်းရာသီ၌ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းကစ၍ ရုံးပိတ်ချိန်အထိ အလုပ်သမားမှတ်ပုံတင်(လေဘာကတ်) လာရောက်လျှောက်ထားသူ ၆၀၀ ကျော်ထိရှိခဲ့ကြောင်း သိရသည်။



"နံနက် ၇ နာရီကတည်းက ရောက်နေတာ အခု ၁၀ နာရီထိုးတဲ့အထိ မခေါ်သေးဘူး။ အုပ်စုတစ်စုကို လူ ၅၀ မှတ်ပုံတင်ထပ်ရတယ်။ အခု အုပ်စု ၁၃ ရောက်သွားပြီ။ မနေ့က ဒေပါဝါလီနေ့ ရုံးပိတ်တော့ ဒီနေ့ လူပိုများပါတယ်။ ရဲစခန်းထောက်ခံစာက ငွေကျပ် ၅၀၀၊ လေဘာစာရွက်အတွက် ငွေကျပ် ၅၀၀ ပေးရတယ်။ ပထမစက်ရုံမှာ လစာ တစ်သိန်းနှစ်သောင်းရတယ်။ အလုပ်သမားအုပ်ချုပ်တဲ့သူတွေနဲ့ အဆင်မပြေလို့ အလုပ်ကောင်းပေမယ့် ပြောင်းတာပါ။ အလုပ်ပင်ပန်းတဲ့ဒဏ်ကို ခံနိုင်တယ်။ စိတ်ပင်ပန်းတဲ့ဒဏ်ကို အလုပ်သမားတွေ မခံနိုင်ဘူး။ ဒါကြောင့် တခြားအထည်ချုပ်စက်ရုံကို ပြောင်းဖို့အတွက် လေဘာကတ် လာလျှောက်တာ" ဟု မအူပင်ဒေသခံဖြစ်သည့် အသက် (၁၉ နှစ်)သာ ရှိသေးသော ကိုသူရက ပြောသည်။

လှိုင်သာယာစက်မှုဇုန်၌ စက်ရုံပေါင်း ၄၀၀ ကျော်ရှိပြီး လက်ရှိစက်ရုံများတွင် အုပ်ချုပ်ရေးပိုင်းနှင့် အဆင်မပြေမှု၊ သတ်မှတ်ပေးထားသော ခွင့်သုံးရက်နှင့် သုံးရက်ထက်ကျော်လွန်ပါက အလုပ်ထုတ်ခံရခြင်းနှင့် တစ်နေ့လုပ်အားခ ငွေကျပ် ၃၆၀၀ မရရှိခြင်းတို့ကြောင့် စက်ရုံပြောင်းရွှေ့မှုများပြားလာပြီး ပွင့်လင်းရာသီရောက်ရှိလာသဖြင့် နယ်မှလူငယ်များ အလုပ်ရှာဖွေလုပ်ကိုင်မှု များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

"အမေနေမကောင်းလို့ ခွင့်သုံးရက်တင်ပြီးရွာပြန်တာ သုံးရက်ကျော်သွားလို့ အလုပ်ဖြုတ်ခံရတယ်။ ဒါကြောင့် တခြားစက်ရုံပြောင်းလုပ်ဖို့အတွက် လေဘာလာယူတာပါ။ သုံးရက်နားရင် စက်ရုံတော်တော်များများက လက်မခံလို့ အဆင်မပြေဖြစ်ပြီး စက်ရုံပြောင်းကြတာ၊ မန်နေဂျာနဲ့ အဆင်မပြေလို့ စက်ရုံပြောင်းကြတာ များတယ်။ တစ်ဦးတည်းကို သုံးဦးက သုံးမျိုးခိုင်းတာလည်းရှိတယ်။ သူတို့တွေသူဌေးနဲ့ အဆင်ပြေပေမယ့် အလုပ်သမားတွေနဲ့ အဆင်မပြေတော့ဘူး။ မနိုင်တဲ့ဝန်နဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးကို မျက်ကွယ်ပြုတာ များလာတော့ အလုပ်ပြောင်းပြီးလုပ်ကြရတယ်" ဟု မဝင်းမာမာက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ထိုင်းတွင် တရားမဝင်နေထိုင်သည့် မြန်မာနိုင်ငံသားဆိုသူကို သွားရောက်စစ်ဆေးခဲ့

**တာချီလိတ်  နိုဝင်ဘာ ၁၃**

ထိုင်းနိုင်ငံအတွင်း တရားမဝင်နေထိုင်ကြသူများကို ထိုင်းနိုင်ငံတာဝန်ရှိသူများက နေ့စဉ်စိစစ်ဖမ်းဆီးကာ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခန့်က မြန်မာနိုင်ငံသားဟုဆိုသူ တစ်ဦးအား လာရောက်ကူညီစစ်ဆေးပေးနိုင်ရန် တာချီလိတ်မြို့ရှိ CNCMC ကော်မတီထံ အကူအညီတောင်းခံလာသည့်အတွက် ကော်မတီဝင် ဦးစည်သူမောင်က မယ်ဆိုင်မြို့ ရဲစခန်းတွင် အဆိုပါ မြန်မာနိုင်ငံသားဆိုသူကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



၎င်းသည် ဟိန္ဒူဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအား ပြင်သစ်အစိုးရ အုပ်ချုပ်စဉ်အခါက တာချီလိတ်မြို့ Town House ရပ်ကွက်၌ မွေးဖွားခဲ့ကြောင်း၊ အသက်(၂၇ နှစ်)အရွယ်တွင် ကော့သောင်းမှ လှေဖြင့် ထိုင်းသို့ ကူးခဲ့ကြောင်း၊ ထိုင်းသို့မသွားမီ အိန္ဒိယနယ်စပ် ဟိန္ဒူဘုန်းကြီးကျောင်း၌ စာသင်ခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံတွင် အနှစ် ၄၀ ခန့်နေထိုင်ခဲ့ကြောင်း အစစ်ခံခဲ့သော်လည်း မြန်မာနိုင်ငံတွင် ပြင်သစ်အစိုးရက မအုပ်ချုပ်ခဲ့ခြင်း၊ တာချီလိတ်မြို့၌ Town House ရပ်ကွက်မရှိခြင်း၊ ထိုင်းနိုင်ငံ၌ နှစ်ပေါင်း ၄၀ ခန့် နေထိုင်သည်ဟုဆိုသော်လည်း ထိုင်းဘာသာစကားမကျွမ်းကျင်ခြင်း၊ မြန်မာစကားလုံးဝမတတ်ခြင်း စသည့်အချက်များကြောင့် မြန်မာနိုင်ငံသားဟု ဆိုလာသူ နပါးလ်(၆၇ နှစ်)သည် မြန်မာနိုင်ငံသား လုံးဝမဟုတ်သည့်အတွက် လက်ခံနိုင်မည်မဟုတ်ကြောင်း ထိုင်းနိုင်ငံ တာဝန်ရှိသူများကို ရှင်းလင်းပြောကြားခဲ့ပြီး ထိုင်းနိုင်ငံတာဝန်ရှိသူများက ယင်းကိစ္စကို ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

**ဓာတ်ပုံ-စည်သူမောင်**

# မြန်မာနိုင်ငံ၏ အသက်အကြီးဆုံးအဘွားဒေါ်မြကြည်ကွယ်လွန်

**မြစ်ငယ်  နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူမြို့နယ် မယ်တော်အုပ်စုကျေးရွာအုပ်စု ပေါက်ချိုင်ကုန်းကျေးရွာတွင်နေထိုင်သော အသက်(၁၂၄ နှစ်)ရှိ အဘွားဒေါ်မြကြည်သည် နိုဝင်ဘာ ၁၁ ရက် ည ၁၀ နာရီခွဲက ကွယ်လွန်ခဲ့ကြောင်း သိရသည်။

အဘွားဒေါ်မြကြည်ကို မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်တွင် မွေးဖွားခဲ့ပြီး ယခုကွယ်လွန်သည့်အချိန်တွင် အသက်(၁၂၄ နှစ်)ကျော်ရှိခဲ့ပြီး ဖြစ်သည်။ ၁၉၉၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၅၄ ခုနှစ်သီတင်းကျွတ်လဆန်း ၁ ရက်တွင် အသက် ၁၀၀ ပြည့်ပြီးဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်က အဘွားဒေါ်မြကြည်ကို နိုင်ငံတော်သမ္မတဦးသိန်းစိန်က "ဂုဏ်ပြုခံ သက်ကြီးဝါကြီးပုဂ္ဂိုလ်အဖြစ် ဂုဏ်ယူစွာအသိအမှတ်ပြု" ဂုဏ်ပြုလွှာကိုပေးအပ်ခဲ့ကြောင်း သိရသည်။

အဘွားဒေါ်မြကြည်သည် အသက် ၁၂၀ အချိန်အထိ ငါးလေးပြင်း၊ နှမ်းဖတ်ချဉ်တို့ကို မက်မောစွာစားသုံးခဲ့ပြီး အသက် ၁၂၀ ကျော်မှစ၍ ထမင်းမစားနိုင်သဖြင့် အာဟာရမှုန့်ကိုသာ စားသုံးခဲ့ရကြောင်း သိရသည်။ အဘွားဒေါ်မြကြည် ကွယ်လွန်ချိန်တွင် သားသမီး ခြောက်ယောက်၊ မြေး ၁၂ ယောက်၊ မြစ် ၁၀ ယောက်၊ တီလေးယောက် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## မှုခင်းသတင်းများ

# စက်လှေငယ်ပေါ်မှ လူတစ်ဦး ဧရာဝတီမြစ်အတွင်း ပြုတ်ကျသေဆုံး

**သရက်  နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၌ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခန့်က ဧရာဝတီမြစ်အတွင်းသို့ ရေစမ်းပဲ့ထောင်စက်လှေငယ်ပေါ်မှ လူတစ်ဦးပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သရက်မြို့နယ် ကမ်းနီကျေးရွာအနီး ဧရာဝတီမြစ်အလယ်တွင် ဆင်ပေါင်ဝဲမြို့နယ် ဇောင်ချမ်းတောင်ကျေးရွာဘက်မှ မြောင်းမြမြို့သို့ ကုန်ပစ္စည်းများ သွားရောက်တင်ဆောင်ရန် ဇောင်ချမ်းတောင်ကျေးရွာနေသူ ရေယာဉ်မှူး ဦးမောင်ဌေး(၄၂ နှစ်) မောင်းနှင်သော ရွှေပြည့်မင်း(၁)တွန်းသင်္ဘောမှာ ရေကြောင်းတိမ်၍ ကျောက်ချရပ်နားစဉ် ဇောင်ချမ်းတောင်ကျေးရွာနေသူ သင်္ဘောလုပ်သား ရန်နောင်ဦး(၂၅ နှစ်) မောင်းနှင်ပြီး ဝေလင်းအောင်(ခ)တင်းပုတ်လိုက်ပါလာသည့် အလျားပေ ၄၀ ခန့်ရှိ တရုတ်နီ ဂျင်ဒေါင်း ၂၅ ကောင် အင်ဂျင်တပ် ရေစမ်းပဲ့ထောင်စက်လှေငယ်သည် ရေစမ်းတိုင်းတာပြီး တွန်းသင်္ဘောသို့ ပြန်လည်ဆိုက်ကပ်ရာ အရှိန်များပြီး တိုက်မိခဲ့သဖြင့် ပဲ့ထောင်မောင်းနှင်သူ ရန်နောင်ဦးမှာ ဧရာဝတီမြစ်အတွင်းသို့ ပြုတ်ကျကာ ပဲ့ထောင်စက်လှေ၏ ပန်ကာဒလက်ဖြင့် ထိခိုက်မိပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# တောင်တွင်းကြီးဘူတာအနီး၌ ရဲဘက်ပြေးတစ်ဦး ဖမ်းမိ

**တောင်တွင်းကြီး  နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက နယ်မြေသတင်းစုံစမ်းနေစဉ် တောင်တွင်းကြီးမြို့ ဘူတာပတ်လမ်းအရောက်တွင် မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိစစ်မေးရာ တောင်တွင်းကြီးမြို့နယ် သစ်စိမ့်ကုန်းကျေးရွာနေ ဘိုစိုး(ခ)အေးကို(ခ) အောင်ကိုကို(၃၅နှစ်) ဖြစ်ကြောင်း သိရပြီး ၎င်းသည် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲခန့်က ကိုးပင်-သာစည်စိုက်ပျိုးရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းမှ ထွက်ပြေးလာသူဖြစ်ကြောင်းနှင့် ၎င်း၏ ထောင်ဝင်အမှတ်မှာ သရ/၁၂/၀၀၄၁၄ /က ဖြစ်ပြီး တောင်တွင်းကြီးမြို့မရဲစခန်း(ပ) ၃၈၀/၂၀၁၁၊ ပြစ်မှုပုဒ်မ ၃၀၂ (၂) အမှုဖြင့် ထောင် ၁၀နှစ်ကျခံရာမှ လွတ်ရက်မစေ့မီ ထွက်ပြေးလာသူ ရဲဘက်ပြေးတစ်ဦးဖြစ်ကြောင်း သိရှိရသဖြင့် ဘိုစိုး(ခ)အေးကို(ခ)အောင်ကိုကိုအား တောင်တွင်းကြီးမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# အရှိန်ပြင်းစွာမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်က မော်တော်ယာဉ်ကို ဝင်တိုက်

**ပျဉ်းမနား  နိုဝင်ဘာ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ ရှေ့မှ "ဂ"ကွေ့ ကွေ့သော မော်တော်ယာဉ်ကို နောက်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်က ဝင်ရောက်တိုက်မိသောဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းရှေ့ ရန်ကုန်-မန္တလေးကားလမ်းမပေါ်၌ လောကနတ် သက်န်းတိုက်ဘက်မှ နှင်းဆီပန်းအဝိုင်းဘက်သို့ "ဂ" ကွေ့ မောင်းထွက်သော ယာဉ်မောင်း ထက်မြတ်အောင်(၃၁ နှစ်) မောင်းနှင်သည့် MAZDA T2000 ယာဉ်ကို နှင်းဆီပန်းအဝိုင်းဘက်မှ ပါဠိကွေ့ မီးပွိုင့်ဘက်သို့ ဆန်းမင်းကို(၁၈ နှစ်)မောင်းနှင်ပြီး နောက်မှ ကျော်ကျော်လင်း(၁၉ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သောကြောင့် ၎င်းတို့နှစ်ဦးတွင်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်လင်းရွှေနှင့် တာဝန်ရှိသူများက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



## အင်တောပေါက်ချောင်းတံတား တည်ဆောက်လျက်ရှိ

**ကန့်ဘလူ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးလက်လမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းပေါ်၌ အင်တောပေါက်ချောင်းတံတားကို တည်ဆောက်လျက်ရှိသည်။

အင်တောပေါက်ချောင်းတံတားသည် အရှည်ပေ ၈၀ ရှိမည်ဖြစ်ပြီး Bored Pile၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်း အမျိုးအစားဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၇၀ ဒသမ ၂၅ အကုန်အကျခံ၍ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ အင်တောပေါက်ချောင်းတံတားကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကျော်က နိုဝင်ဘာ ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပင်လယ်ငါးဖမ်းရာသီရောက်သဖြင့် ဖျာပုံငါးခြောက်လုပ်ငန်းများ ကျယ်ပြန့်လာ

**ဖျာပုံ နိုဝင်ဘာ ၁၃**

ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ပါ ရာသီမရွေးရှိနေသည့် မြန်မာပင်လယ်ငါးခြောက်များကို ရခိုင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များက ထုတ်လုပ်ပေးလျက်ရှိသည်။

ငါးခြောက်များတွင် ပင်လယ်ငါးများဖြင့်ပြုလုပ်ထားသည့်ငါးခြောက်နှင့် မြစ်ချောင်းအင်းအိုင်များမှ ရရှိသည့်ငါးများဖြင့် ထုတ်လုပ်ထားသည့် ငါးခြောက်ဟု နှစ်မျိုးရှိကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှာ ရေချိုငါးခြောက်နှင့် ပင်လယ်ငါးခြောက်နှစ်မျိုးလုံး ထွက်ရှိသောဒေသများဖြစ်သည်။

မြန်မာပြည်အထက်ပိုင်းနှင့် တရုတ်ပြည်ဈေးကွက်များသို့ ကုန်ချိန်အများဆုံးတင်ပို့ ရောင်းချနိုင်သော ငါးခြောက်မှာ ပင်လယ်ငါးခြောက်များဖြစ်ကြောင်း၊ ပွင့်လင်းရာသီရောက်ရှိပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းများစပြီဖြစ်၍ ပင်လယ်ငါးခြောက်များ ဈေးကွက်ဝင်လာပြီဖြစ်ကြောင်း၊ ပင်လယ်ငါးဖမ်းရာတွင် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော်ကာလများတွင် ငါးရရှိမှုများတတ်ကြောင်း၊ ငါးရရှိမှုအခြေအနေပေါ် မူတည်၍ ငါးခြောက်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ဖျာပုံမြို့မှ ငါးခြောက်ရောင်းဝယ်သူတစ်ဦးက ပြောသည်။



ပင်လယ်ငါးဖမ်းလုပ်ငန်းများစတင်ပြီး ပင်လယ်ငါးခြောက်ထုတ်လုပ်နိုင်မှု များလာသည်နှင့်အမျှ ဖျာပုံမြို့၊ မြို့မဈေးကြီးရှိ ငါးခြောက်ဆိုင်များနှင့် ငါးခြောက်လုပ်ငန်းများတွင် ငါးခြောက်ဈေးနှုန်းများ လျော့ကျလာလျက်ရှိရာ နိုဝင်ဘာ ဒုတိယပတ်ဈေးနှုန်းများမှာ ကကူရံငါးခြောက်အသေး တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲ၊ အကြီးတစ်ပိဿာလျှင် ကျပ်နှစ်သောင်းခွဲ၊ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ငါးနှပ်ခြောက်ခေါင်းပါ တစ်ပိဿာ ကျပ် ၅၅၀၀ ခန့်နှင့် ခေါင်းဖြုတ်ပြီး တစ်ပိဿာကျပ်ခြောက်ထောင်ခန့်၊ ငါးနီခြောက် တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၆၅၀၀ ခန့် ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိသည်။

ပြည်တွင်းတွင် ငါးခြောက်စားသုံးမှု တိုးလာခြင်း၊ ငါးဖမ်းရာသီအဦးပိုင်း ငါးအရနည်းခြင်းနှင့် ပွင့်လင်းရာသီအတွင်း ကုန်သွယ်မှုလမ်းကြောင်း ပိုကောင်းလာခြင်းတို့ကြောင့် ဖျာပုံမြို့ ငါးခြောက်ဈေးကွက်တွင် ဈေးနှုန်းများသည် မိုးရာသီကထက် လျော့ကျလာသော်လည်း ယခင်နှစ်အခြေအနေနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းလည်း မြင့်မားလျက်ရှိကြောင်း ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

ဖျာပုံမြို့တွင် ငါးခြောက်ဝယ်ယူပါက ဈေးနေ့အဖြစ် သတ်မှတ်ထားသည့် ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် ဝယ်ယူခြင်းဖြင့် ငါးခြောက်မျိုးစုံ ရရှိနိုင်သည့်အပြင် အခြားနေ့များထက်လည်း ဈေးနှုန်းများပို၍ သက်သာကြောင်း ငါးခြောက်လုပ်ငန်းရှင်များနှင့် ငါးခြောက်ဆိုင်ရှင်များထံမှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကလေးလွင်ပြင် ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**ကလေး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးလွင်ပြင်ဒေသမှ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများနှင့် လူအင်အားများ အသုံးပြု၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လူနေအိမ်၊ စာသင်ကျောင်း၊ လမ်းမကြီးများနှင့်လမ်းဘေးရေနုတ်မြောင်းများ စသည့် နေရာမျိုးစုံမှ ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ရာ ကလေးမြို့နယ် ပြင်သာကျေးရွာတွင် လူနေအိမ်သစ် ခုနစ်လုံးကို လူအင်အား ၃၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ကလေး-ပြင်သာလမ်းတစ်လျှောက် ဘေးဝဲယာ ရေနုတ်မြောင်းတူးခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် အောက်ခံလွှာသဲကြပ်ခြင်းလုပ်ငန်းများကို လူအင်အား ၁၀၀ ခန့်နှင့် လမ်းကြိတ်စက်တစ်စီး၊ မြေတူးစက်တစ်စီး၊ မြေတူးစက်အသေးနှစ်စီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ်သုံးစီး စသည့် ယာဉ်၊ ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းမှ ပျက်စီးခဲ့သော ရေနုတ်မြောင်းများကို အုတ်စီခြင်း၊ ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း စသည့် လုပ်ငန်းများကို လူအင်အား ၃၀ ခန့်ဖြင့်လည်းကောင်း၊ ကျီကုန်းကျေးရွာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို မြေတူးစက် တစ်စီး၊ မြေထိုးစက် တစ်စီးဖြင့်လည်းကောင်း၊ နတ်ကြီးကုန်းကျေးရွာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို မြေတူးစက်တစ်စီးဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

မော်လိုက်ကလေးကျေးရွာ ရွာသစ်လမ်းအူကြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် နန်းစောင်းပုကျေးရွာလမ်းအူကြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း မြေထိုးစက်များ၊ လူအင်အားများဖြင့် ဆောင်ရွက်လျက်ရှိရာ ကလေးလွင်ပြင်ဒေသ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ မကြာမီကာလအတွင်း အောင်မြင်ပြီးစီးလာတော့မည် ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## ပုလဲသွယ်စပ်မျိုးစပါး မျိုးရွေးချယ်မှု တောင်သူပညာပေးသရုပ်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ စီချွမ်နုန်းဒါးစပ်မျိုးစပါးမျိုးစေ့ထုတ်ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် စပ်မျိုးစပါး မျိုးကွဲ ၁၂ မျိုး စမ်းသပ်စိုက်ကွက်ရိတ်သိမ်းခြင်းနှင့် မျိုးရွေးချယ်မှု တောင်သူပညာပေးသရုပ်ပြပွဲကို နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ မျိုးကွဲ ၁၂ မျိုး စမ်းသပ်စိုက်ကွက်ကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု အောင်သုခကျေးရွာ၌ စိုက်ပျိုးထားခြင်းဖြစ်ကာ ယခုအခါ အောင်မြင်ဖြစ်ထွန်းပြီး ရိတ်သိမ်းချိန်ရောက်ရှိနေသဖြင့် တောင်သူများအနေဖြင့် ရိတ်သိမ်းပြီးစပါးမျိုးများ၏ စပါးထွက်နှုန်းအပါအဝင် အခြေအနေများကို မူတည်၍ မိမိတို့ကြိုက်နှစ်သက်သော မျိုးများကို ရွေးချယ်နိုင်ရန် သရုပ်ပြပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မျိုးကွဲ ၁၂ မျိုးမှ စပါးပင်အမြင့်၊ အနှံအရှည်၊ ပင်ပွား၊ တစ်နှံတွင်ပါသော သီးလုံး၊ ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိမှု၊ စပါးပင်သက်တမ်း၊ စပါးဈေးကွက်အလားအလာများအပေါ် မူတည်၍ တောင်သူများက ကြိုက်နှစ်သက်ရာမျိုးများကို ရွေးချယ်ခဲ့ကြသည်။ တောင်သူများရွေးချယ်ခဲ့သော စပါးမျိုးများကို လာမည့် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့ထုတ်လုပ်ငန်းများကို ပညာရှင်များက ဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးစေ့များကို တောင်သူများထံ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးနိုင်ကြည်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်ဦးကြိုင်၊ ဒုတိယဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**ကိုပေါက်(ဥတ္တရမြေ)**



**တောင်သာမြို့နယ် အင်းတဲကျေးရွာမှ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် နဖောင်-အင်တဲမြေသားလမ်းကို အင်တဲအလကခွဲမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုပေါင်း၍ သဲအိတ်များချခြင်း၊ မြေသားဖို့ခြင်းဖြင့် နိုဝင်ဘာ ၁၁ ရက်က ပြုပြင်နေစဉ်။**

လင်းလက်ကြယ်(တောင်သာ)

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**တောင်ကြီး နိုဝင်ဘာ ၁၃**

တောင်ကြီးမြို့၌ ၂၀၁၅ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာမျိုးထွန်းက ပွဲတော်ရက်မှာ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ရက် တစ်ရက်တိုးသည့်အတွက် ကော်မတီအသီးသီးမှ အသုံးစရိတ်များ ပြန်လည်တင်ပြရန် အမှာစကားပြောကြားပြီး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များကို ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းအောင်မြတ်က ရှင်းလင်းဖတ်ကြားကာ လုပ်ငန်းကော်မတီများက ကဏ္ဍအလိုက်လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ဆုများချီးမြှင့်

**ဘားအံ နိုဝင်ဘာ ၁၃**

နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားတွင် ထည့်သွင်းကျင်းပသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ပြည်နယ်နေ့အခမ်းအနားကျင်းပသည့် ဘားအံမြို့ သီရိကွင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။



ဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ၏ အမှတ်ပေးစနစ်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ တောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင် ၁၄၆ ဦးက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန် မျိုးစုံ ၃၆ မျိုးကို လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို နှစ်စဉ် ကရင်ပြည်နယ်နေ့အခမ်းအနားများတွင် စိုက်ပျိုးရေးဦးစီးဌာနက ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်တွင်းကြီး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးလုပ်ငန်းအဖြစ် ၁၁ ကေဗွီဓာတ်အားလိုင်း ၈၇၁၅ ပေ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၄၈၀၀ ပေနှင့် ၁၆၀ ကေဗွီထရန်စဖော်မာတစ်လုံးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ပံ့ငွေ ကျပ် ၂၀ ဒသမ ၀၆၆ သန်းနှင့် ဒေသခံပြည်သူများ၏ထည့်ဝင်ငွေကျပ် ၄၀ ဒသမ ၅ သန်းဖြင့် တပ်ဆင်နေခြင်းဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းကျော်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး မှာကြားခဲ့သည်။ **(၀၂၁)**

# ကျေးရွာအထက(ခွဲ)၌ ကျောင်းဆောင်သစ်တည်ဆောက်

**ရေကြည် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပညာရေးဌာန၏ စီစဉ်မှုနှင့် ဂျပန်နိုင်ငံပညာရေးဖောင်ဒေးရှင်းမှ လှူဒါန်းမှုဖြင့် ငါးသိုင်းချောင်းမြို့ ကွင်းလျားကျေးရွာအုပ်စု ငါးရာကျော်ကျေးရွာအထက(ခွဲ)ကျောင်း၌ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ်ကို နိုဝင်ဘာ ၁၁ ရက်က ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်သည် ကာလတန်ဖိုး ငွေကျပ်သိန်း ၉၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော ထက်မာန်နိုင်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။ အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ် ပြီးစီးသွားချိန်တွင် ကျေးရွာပြည်သူလူထု၏ ကျောင်းဆောင်သစ် မတည်ထည့်ဝင်ငွေကျပ် ၂၂၅ သိန်းကို ပညာရေးရန်ပုံငွေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်အသုံးပြုရန် ထပ်မံ၍ ပြန်လည်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်ကို ခြောက်လအတွင်း ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးရာကျော်ကျေးရွာသည် မြစ်ကမ်းဘေးကျေးရွာဖြစ်သဖြင့် မြစ်ရေကြီးခြင်းအပါအဝင် သဘာဝဘေးများမှ ကြိုတင်ကာကွယ်နိုင်ရန် ကျောင်းဆောင်သစ်ကို ခြေတံရှည်ပုံစံ ဆောက်လုပ်သွားရန် စီစဉ်ထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ပြောသည်။



အဆိုပါ ကျောင်းဆောင်သစ်ပြီးစီးပါက ကျောင်းသားကျောင်းသူ ၂၀၀ ခန့် ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကွင်းလျားကျေးရွာအုပ်စုမှ ကျောင်းသား ကျောင်းသူများအပြင် နှောကုန်းကျေးရွာအုပ်စုနှင့် အခြားနီးစပ်ရာ ကျေးရွာများရှိ ကျောင်းသားကျောင်းသူများအတွက်ပါ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ကျေးလက်လမ်းတံတားနှင့် ကန်တူးဖော်မှုများ ဆောင်ရွက်ပြီးစီး

**လှိုင်ကော် နိုဝင်ဘာ ၁၃**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ထေးသမ၊ လွိုင်လင်လေးနှင့် ထီးစဲခါးကျေးရွာအုပ်စုများ၌ လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်ရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် ကျေးလက်လမ်း၊ တံတားနှင့် မြေသားရေကန်တူးဖော်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထေးသမကျေးရွာရှိ မြေသားရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ကုန်ကျငွေကျပ်ကိုးသန်းဖြင့်လည်းကောင်း၊ လွိုင်လင်လေးကျေးရာအုပ်စု၌ အရှည် ၁၄ ပေရှိ ဝမ်ကုန်း-ထီးစဲခါး တံတားကို ကုန်ကျငွေ ကျပ် ၈ ဒသမ ၄ သန်းဖြင့်လည်းကောင်း၊ ထီးစဲခါးကျေးရွာအုပ်စုမှ အရှည်ကိုးပေရှိ ကုန်းမို့ကိုတံတားအမှတ်(၁)နှင့် (၂) တံတားနှစ်စင်းကို ကုန်ကျငွေ ၅ ဒသမ ၄ သန်းစီဖြင့်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အိအိခင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ထီးစဲခါးအုပ်စု၌ ကျပ် ၃၂ ဒသမ ၂၂၈ သန်းဖြင့် ဖောက်လုပ်မည့် လင်ဖုံကြီး-နားကွယ် မြေသားလမ်းနေရာကိုလည်းကောင်း၊ ကျပ် ၂၉ ဒသမ ၀၄၉ သန်းဖြင့် ဆောင်ရွက်နေသည့် အရှည် ၀ ဒသမ ၄ မိုင်ရှိ လင်ဖုံးကြီး-ဝမ်ပန်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကိုလည်းကောင်း ဆက်လက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတို

### ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အရှည် ၃၅ ပေရှိ ကွန်ကရစ်တံတား တစ်စင်း၊ အရှည်ပေ ၁၂၀ တံတား တစ်စင်းနှင့် ကတ္တရာလမ်းနှစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများကို မွန်ပြည်နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ဆောင်းသီးနှံ ပန်းမုန်လာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ပေါက် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အင်းတောကျေးရွာမှ ဒေသခံတောင်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေ ရရှိစေရေးအတွက် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပန်းမုန်လာများကို နှစ်စဉ်စိုက်ပျိုးကြရာ ယခုနှစ်တွင်စိုက်ပျိုးထားသော ပန်းမုန်လာများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ပန်းမုန်လာစိုက်ပျိုးရာတွင် မြေတစ်ဧကလျှင် အပင်ရေ ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ပြီး အောက်ခံမြေဩဇာအဖြစ် အပင် ၁၀၀၀ လျှင် စိုက်ပျိုးချိန်မှ ခူးယူရောင်းချနိုင်ချိန်အထိ ၇၅ ရက်ခန့်ကြာကြောင်း၊ အပင်များအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး စနစ်တကျအသုံးပြုနိုင်မှုနှင့် အပင်များအပေါ် ရောဂါကျရောက်မှုအပေါ် မူတည်၍ အထွက်နှုန်းကွာခြားကြောင်း သိရသည်။ ယခု နှစ်တွင် ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အပြင် ဈေးနှုန်းမှာလည်း ယခင်နှစ်ကပို၍ ဈေးကောင်းရနေကြောင်း သိရသည်။

ယခင်နှစ်က ပန်းမုန်လာတစ်ပွင့်လျှင် ကျပ် ၃၀၀ ခန့်ရှိကာ ယခုနှစ်တွင် ပန်းမုန်လာတစ်ပွင့်လျှင် သီးနှံပေါ်စဈေးနှုန်း ၅၀၀ ကျပ်နှုန်းဖြင့် စတင်ရောင်းချနေရသောကြောင့် ယခုနှစ် ပန်းမုန်လာစိုက်ပျိုးသူများအနေဖြင့် အမြတ်အစွန်း ပိုမိုရရှိမည်ဖြစ်ကြောင်း အင်းတောကျေးရွာမှ တောင်သူများက မျှော်လင့်လျက်ရှိသည်။ **ညဏ်တိုး(iprd)**



# ဥရောပလူငယ်တွေ ခြေစွမ်းပြမယ့် ယူရို ယူ-၂၁ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

***ယူရို ယူ-၂၁ ခြေစစ်ပွဲတွေကို နိုဝင်ဘာ ၁၅ရက်နဲ့ ၁၆ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်လို့ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာလည်း ပွဲကောင်းတွေပြည့်နှက်နေပြန်ပါတယ်။ ခြေစွမ်းထက်မြက်တဲ့ ဥရောပလူငယ်ကစားသမားတွေရဲ့ လျင်မြန်တဲ့ ကစားအား၊ ဂိုးသွင်းနိုင်စွမ်းတွေကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ရဦးမှာဖြစ်လို့ မလွတ်တမ်းကြည့်ရှုအားပေးရဦးမယ့်ပွဲတွေပဲဖြစ်ပါတယ်။***



**မက်ဆီဒိုးနီးယားနှင့် ပြင်သစ်**

အုပ်စု (C)မှာ ပြင်သစ်လူငယ်တွေ သုံးပွဲကစားပြီး ခြောက်မှတ်ရထားပါတယ်။ မက်ဆီဒိုးနီးယားတို့ကလည်း ခြောက်မှတ်ရထားတာမို့ အခုပွဲက ပွဲကောင်းဖြစ်လာမှာပါ။ ခံစစ်ပိုင်းမှာ ကွာဟမှုမရှိပေမယ့် တိုက်စစ်ပိုင်းမှာ အားသာချက်ရှိနေတဲ့ ပြင်သစ်တိုက်စစ်မှူးတွေ ဂိုးရအောင်သွင်းယူနိုင်မလား ကြည့်ရမှာပါ။ ပြင်သစ်လူငယ်တွေက ယူကရိန်းနဲ့ စကော့တလန်တို့ကို နိုင်ပွဲရထားသလို မက်ဆီဒိုးနီးယားတို့ကလည်း မြောက်အိုင်ယာလန်နဲ့ ယူကရိန်းကို နိုင်ပွဲဆက်တိုက်ရထားတာမို့ အခုပွဲဟာ သရေလည်းဖြစ်သွားနိုင်တဲ့ပွဲပါပဲ။

**ဆမ်မာရီနိုနှင့် အက်စ်တိုးနီးယား**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ရလဒ်ကိုကြည့်ရင် ဂိုးမရှိ သရေပွဲဖြစ်ထားတာမို့ အခုပွဲကတော့ ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ ဆမ်မာရီနိုတို့က ခရိုအေးရှား၊ ဆွီဒင်တို့ကို ဆက်တိုက်ရှုံးထားသလို အက်စ်တိုးနီးယားတို့ကလည်း ဂျော်ဂျီယာ၊ ဆွီဒင်၊ ခရိုအေးရှားတို့ကို ရှုံးထားပါတယ်။ အခုပွဲမှာ ဆမ်မာရီနိုတို့က တိုက်စစ်ဖွင့်ပြီး နိုင်ပွဲရအောင် စွမ်းဆောင်သွားမယ်လို့ ယုံကြည်ပါတယ်။

**မော်လ်ဒိုဗာနှင့် ချက်**

မော်ဒိုဗာတို့က ငါးပွဲကစားပြီးချိန် လေးမှတ်ရရှိနေသလို ချက်အသင်းကလည်း သုံးပွဲကစားပြီး ငါးမှတ်ရရှိထားပါတယ်။ ချက်လူငယ်တွေရဲ့တိုက်စစ်အားက ကောင်းမွန်နေပြီး ခံစစ်ပိုင်းကတော့ အားနည်းချက်ရှိနေပါတယ်။ မော်လ်ဒိုဗာတို့ကတော့ တိုက်စစ်ရော ခံစစ်ပိုင်းပါ အားရစရာမရှိတဲ့အပြင် ရှုံးပွဲတွေများနေတာမို့ အခုပွဲမှာ ချက်လူငယ်တွေအောင်ပွဲခံပါလိမ့်မယ်။

**အယ်လ်ဘေးနီးယားနှင့် လက်ချင်စတိန်း**

ဟန်ဂေရီ၊ ပေါ်တူဂီ၊ အစ္စရေးအသင်းတွေနဲ့ ကစားခဲ့တဲ့ အယ်လ်ဘေးနီးယားတို့ဟာ နိုင်ပွဲတစ်ပွဲမှမရခဲ့ပါဘူး။ လက်ချင်စတိန်းတို့လည်း ဂရိ၊ ဟန်ဂေရီ၊ အစ္စရေးတို့ကို ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့ခဲ့ရတာမို့ အခုပွဲမှာ မျှော်လင့်ချက်ထားလို့ မရနိုင်တဲ့ပွဲပါ။ ဒါပေမယ့် အနိုင်ရလိုမှု စိတ်ဓာတ်ပြင်းထန်တဲ့ အယ်လ်ဘေးနီးယားတို့ ဒီပွဲမှာအောင်ပွဲနဲ့ထိုက်တန်တဲ့စွမ်းရည်ကို ပြသပါလိမ့်မယ်။

**ဟန်ဂေရီနှင့် ဂရိ**

နှစ်သင်းစလုံး ခြေမမှန်တာမို့ အခုပွဲဟာ အနိုင်ရလဒ်ကို ဘယ်လိုပုံဖော်ကြမလဲဆိုတာ စိတ်ဝင်စားစရာပါ။ အယ်လ်ဘေးနီးယားကို နှစ်ဂိုးစီသရေကစားထားပြီး ပေါ်တူဂီကို နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ဟန်ဂေရီရဲ့ အားထုတ်မှုတွေက ဒီပွဲမှာ ပြန်လည်နိုးကြားလာမလား ကြည့်ရမှာပါ။ ပေါ်တူဂီကို လေးဂိုးပြတ်ရှုံးထားတဲ့ ဂရိရဲ့ စွမ်းဆောင်မှုက ကျေနပ်စရာမရှိတာမို့ ဟန်ဂေရီတို့ အမှတ်ပြည့်ရယူသွားမယ့် အနေအထားရှိပါတယ်။

**အင်္ဂလန်နှင့် ဆွစ်ဇာလန်**

ကာဇက်စတန်၊ နော်ဝေ၊ အမေရိကန်အသင်းတွေကို ဆက်တိုက်နိုင်ပွဲတွေရယူထားတဲ့ အင်္ဂလန်လူငယ်တွေဟာ ဆွစ်ဇာလန်ကို အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။ ဆွစ်ဇာလန်တို့က ကာဇက်စတန်နဲ့ ဘော့စနီးယားကို နိုင်ပွဲရအောင်ကစားခဲ့ပြီး နော်ဝေကို တစ်ဂိုးစီသရေပွဲ အားထုတ်ထားတဲ့ စွမ်းရည်ရှိတာမို့ ဒီပွဲမှာ အင်္ဂလန်တို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဂိုးသွင်းအားပြန်ကောင်းလာတဲ့ အင်္ဂလန်တိုက်စစ်မှူးတွေကြောင့် ဂိုးမပြတ်ပေမယ့် အနိုင်ရလဒ်ဟာ အင်္ဂလန်တို့ပဲ ပိုင်ဆိုင်သွားဖို့များနေပါတယ်။

**အီတလီနှင့် လစ်သူယေးနီးယား**

အိုင်ယာလန်၊ ဆလိုဗေးနီးယားအသင်းတွေကို နိုင်ပွဲဆက်တိုက်ရယူထားတဲ့ အီတလီတို့က ခံစစ်ပိုင်းလုံခြုံမှုရှိနေပါတယ်။ လစ်သူယေးနီးယားတို့ကတော့ ဆာဘီးယား၊ အိုင်ယာလန်၊ ဆလိုဗေးနီးယားတို့ကို ဆက်တိုက်ရှုံးထားတဲ့အပြင် ဂိုးပြတ်သွင်းခံခဲ့ရတာမို့ အခုပွဲမှာ အီတလီလူငယ်တိုက်စစ်မှူးတွေကို ဂိုးမပြတ်အောင် ဟန့်တားဖို့ထက် ပိုပြီးမျှော်လင့်လို့မရပါဘူး။

**ဂျာမနီနှင့် သြစတြီးယား**

ဂျာမနီလူငယ်တွေဟာ ဖင်လန်၊ အဇာဘိုင်ဂျန်၊ ဖာရိုးကျွန်းစုအသင်းတွေကို နိုင်ပွဲဆက်တိုက်ရယူထားပါတယ်။ သြစတြီးယားတို့ကလည်း အဇာဘိုင်ဂျန်နဲ့ ရုရှားတို့ကို ဂိုးပြတ်တွေသွင်းပြီး အနိုင်ယူထားတာမို့ ဒီပွဲက အကြိတ်အနယ်ရှိပါလိမ့်မယ်။ အသင်းလိုက်ကစားအားကောင်းပြီး ခံစစ်ပိုင်းကျစ်လျစ်တဲ့အပြင် အမှားအယွင်းနည်းတဲ့ ဂျာမနီလူငယ်တွေ နိုင်ပွဲရဖို့ အခွင့်အရေးများနေတာတော့ အမှန်ပါပဲ။ ။

---

## ကမ္ဘာ့အကောင်းဆုံးဖြစ်လာနိုင်တယ်ဆိုတဲ့ နေမာ

ဘရာဇီးတိုက်စစ်မှူး နေမာရဲ့ ကစားပုံဟာ ကမ္ဘာ့အကောင်းဆုံးဖြစ်လာနိုင်တယ်လို့ ဘရာဇီးကွင်းလယ်ကစားသမားဟောင်း ရော်နယ်ဒင်ဟိုက ချီးကျူးပြောဆိုလိုက်ပါတယ်။ အသက် ၂၃နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာဟာ ယခုနှစ်ရာသီမှာ ၁၄ ပွဲကစား ၁၃ ဂိုးသွင်းယူထားပါတယ်။ နေမာဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်လာဖို့ ယုံကြည်ထားတယ်လို့ ရော်နယ်ဒင်ဟိုက ဆိုပါတယ်။ ရော်နယ်ဒင်ဟိုဟာ ဖီဖာရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ သူဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းမှာလည်း ကစားခဲ့သူဖြစ်ပါတယ်။ နေမာရဲ့ ကစားပုံတွေကိုကြည့်ရင် ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာဖို့ သေချာနေတယ်လို့ ရော်နယ်ဒင်ဟိုက ဆိုပါတယ်။ သို့ပေမယ့် ဘရာဇီးအိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ နေမာ ခြေစွမ်းမပြနိုင်ခဲ့ဘဲ ဒဏ်ရာတွေနဲ့ထွက်ခဲ့ရတာပါ။ ဘရာဇီးအသင်းနည်းပြ ဒွန်ဂါကလည်း နေမာဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ ဘရာဇီးကစားသမားတွေထဲမှာ ရော်နယ်ဒို၊ ရော်နယ်ဒင်ဟိုတို့ဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ဆုတွေရခဲ့ကြသူတွေပါ။





## လူကာကူးကို မရောင်းဘူးဆိုတဲ့ အဲဗာတန်

လူကာကူးဟာ အဲဗာတန်မှာ ခြေစွမ်းပြနေတဲ့ ကစားသမားတစ်ယောက်ပါ။ ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်စ်က လူကာကူးကို ခေါ်ယူဖို့အပြိုင်ကြိုးစားနေပေမယ့် ရောင်းချမှာမဟုတ်ဘူးလို့ အဲဗာတန်က ပြောဆိုလိုက်ပါတယ်။ တိုက်စစ်မှူး လူကာကူးဟာ အဲဗာတန်အသင်းရဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အသက် ၂၂နှစ်အရွယ်ရှိတဲ့ လူကာကူးဟာ အခြားဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ကြိုးစားနေပေမယ့် အဲဗာတန်အသင်းနဲ့အတူ ခြေစွမ်းပြနေပြီး ယခုနှစ်ရာသီမှာ ကိုးဂိုးသွင်းယူပေးထားပါတယ်။ နည်းပြ မာတီနက်ဇ်ကတော့ လူကာကူးကို ပေါင် ၅၅သန်းပေးရင်ရောင်းမယ်လို့ ဟာသအဖြစ်ပြောဆိုခဲ့တာရှိပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ရောင်းချမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ လူကာကူးကို ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်စ်တို့က အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတာပါ။ ဘယ်လ်ဂျီယံကစားသမား လူကာကူးဟာ ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ပေါင် ၂၈ သန်းနဲ့ အဲဗာတန်က ခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လူကာကူးဟာ အဲဗာတန်အသင်းအတွက် အဓိကတိုက်စစ်မှူးဖြစ်နေတဲ့အတွက် ရောင်းချဖို့ အခက်အခဲဖြစ်နေတယ်လို့ ဆိုပါတယ်။

မြင့်မောင်စိုး ➢ စုစည်းသည်

## ဟာဇတ်ကိုခေါ်ယူဖို့ အပြိုင်ကြိုးစားကြပြီ



ချယ်လ်ဆီး အသင်းအနေဖြင့် လာမယ့် ဇန်နဝါရီ အပြောင်းအရွှေ့ ရာသီမှာ နောက်တန်း ကစားသမားတစ်ဦးနဲ့ တိုက်စစ်မှူးတစ်ဦး ခေါ်ယူဖို့ စီစဉ်နေတယ်လို့ဆိုပါတယ်။ ဒီအတွက် ချယ်လ်ဆီးအသင်းမှာ ခြေစွမ်းပြနေတဲ့ အီဒင်ဟာဇတ်ကို ပေါင်သန်း ၈၀နဲ့ ရောင်းဖို့ စီစဉ်နေတာပါ။ ဟာဇတ်ကို ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ ကမ်းလှမ်းထားပြီးဖြစ်ပါတယ်။ ဟာဇတ်ကို ပေါင်သန်း ၈၀ နဲ့ ခေါ်ယူရေးမှာ ပြင်သစ်ကလပ် ပီအက်စ်ဂျီလည်း ပါဝင်လာပြီဖြစ်ပါတယ်။ ပီအက်စ်ဂျီကလည်း ဟာဇတ်ကို အရခေါ်ယူသွားဖို့ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီး တိုက်စစ်မှူး ဟာဇတ်ဟာ ရီးရဲမက်ဒရစ်ကို ပြောင်းဖို့ ရေပန်းစားနေတဲ့ တိုက်စစ်မှူးပါ။ ပီအက်စ်ဂျီကလည်း စပိန်လာလီဂါထိပ်သီး ရီးရဲမက်ဒရစ်နဲ့အပြိုင်ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ဟာဇတ်အနေနဲ့ ချယ်လ်ဆီးနဲ့ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ပေမယ့် ချယ်လ်ဆီးအသင်း ရုန်းကန်နေရတဲ့အတွက် အသင်းမှထွက်ဖို့ ပြင်ဆင်နေတာပါ။ ဟာဇတ်ကို အပြောင်းအရွှေ့ရာသီမှာ ရောင်းထုတ်ဖို့ သေချာနေပြီဖြစ်ပါတယ်။

# ချင်းပြည်နယ် မြောက်ဘက်ဆုံးမြို့နယ်များမှ သဘာဝဘေးသင့်ပြည်သူများ ပုံမှန်အခြေအနေပြန်လည်ရောက်ရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်

**သတင်းဆောင်းပါး - နေစု(ချင်းရိုးမ)**

ချင်းပြည်နယ်၏ မြောက်ဘက်ဆုံးကျသည့်မြို့နယ်များဖြစ်သော တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များတွင် ယခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးအမျိုးမျိုး ကြုံတွေ့ခဲ့ရသည့် ကျေးရွာများမှပြည်သူများအနေဖြင့် ပြန်လည်ထူထောင်နိုင်ရေးနှင့် ပုံမှန်ဘဝပြန်လည်ရောက်ရှိနိုင်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၏ထောက်ပံ့ကူညီမှုများရရှိမှသာ အောင်မြင်ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဒေသခံသဘာဝဘေးသင့်ပြည်သူများထံမှ သိရသည်။

"ကျွန်တော်တို့သွားရောက်နိုင်တာက တီးတိန်မြို့နယ်မှာ ၁၉ ရွာ၊ တွန်းဇံမြို့နယ်မှာ နှစ်ရွာဆိုတော့ စုစုပေါင်း ၂၁ ရွာလောက်ရှိတယ်။ လူဦးရေက ၇၄၀၀ လောက်ရှိတယ်။ အစိုးရဘက်ကနေ ထောက်ပံ့နိုင်တာဆိုလို့ အိမ်ထောင်စုတစ်စုကို ငွေကျပ်နှစ်သောင်းရယ်၊ တစ်ရွာကို ဆန်ခြောက်အိတ်ရယ်လောက်ပဲရှိတယ်။ ကျွန်တော် သိသလောက်ပြောရရင် WFP အဖွဲ့က KMSS က တစ်ဆင့် ရွာပေါင်း ၁၄ ရွာလောက်ကို စားနပ်ရိက္ခာနှစ်လ



မြေတူးစက်များငှားရမ်း၍ လမ်းဖောက်နေစဉ်။

စာလောက် ထောက်ပံ့သွားတာလောက်ပဲရှိတယ်"ဟု တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များသို့ ကယ်ဆယ်ရေး သွားရောက်ခဲ့သည့် ချင်းတောင်ဒေသ သဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့မှ ကိုလျန်တွောင်က ပြောသည်။

တီးတိန်မြို့နယ်တွင် မြို့ပေါ်ရှိကယ်ဆယ်ရေးစခန်း၌ နေထိုင်ကြသော ကငင်ကျေးရွာ၊ ထင်ဇန်ကျေးရွာနှင့် ဝုန်မွှောလ်ကျေးရွာများမှ သဘာဝဘေးသင့်ပြည်သူများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက တန်ဖိုးသင့်အိမ်ရာ ၄၆ လုံး ဆောက်လုပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ချင်းတောင်ဒေသ သဘာဝသယံဇာတစောင့်ကြည့်အဖွဲ့မှ ကိုလျန်တွောင်က "ကငင်ကျေးရွာက ၄၂ အိမ်၊ ထင်ဇန်က ၁၂ အိမ်ရှိတယ်။ သူတို့ကို တီးတိန်မြို့ပေါ်မှာ နေရာချပေးဖို့ရှိတယ်။ နောက်ပြီး ဝုန်မွှောလ်ကျေးရွာက ၄၂ အိမ်၊ လိုင်ဘုံက ၁၀၇ အိမ်ရှိတယ်။ သူတို့ကိုတော့ ခိုင်ကမ်းကျေးရွာကိုပြောင်းကြလိမ့်မယ်။ ခိုင်ကမ်းကျေးရွာကို ပြောင်းမယ့်ရွာတွေက အောက်တိုဘာ ၁ ရက်ကစပြီးတော့ မြေနေရာတွေကို ရှင်းလင်းခဲ့တယ်။ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့အကူအညီနဲ့ အောက်တိုဘာ ၂ ရက်ကစပြီး လမ်းတွေဖောက်ပေးတယ်။ အခုဆိုရင် ရက်ပေါင်း ၄၀ ရှိသွားပြီ။ မြေတူးစက်ကို တစ်နာရီ ကျပ် ၄၀၀၀၀ နဲ့ ငှားတာ။ အခုဆိုရင် နာရီပေါင်း ၁၄၂ နာရီရှိပြီ။ သဘာဝဘေးသင့်ပြည်သူတွေအနေနဲ့တော့ လုပ်အားစိုက်ပေးကြတယ်။ သူတို့ကို မူလအတိုင်း ပြန်လည်နေရာချပေးနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရကိုယ်တိုင်က ထောက်ပံ့ကူညီမှသာ အောင်မြင်နိုင်မှာပါ။ အဖွဲ့အစည်းတွေက အကန့်အသတ်အများကြီးနဲ့ဆိုတော့ ထောက်ပံ့တယ်ဆိုတာ သေးသေးဖွဲဖွဲလေးပဲရှိပါတယ်"ဟု ဆက်လက်ပြောပြသည်။

ချင်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ဟားခါးမြို့နယ်တွင် နေအိမ်ပြိုပျက် ၅၁၇ အိမ်နှင့် ပြောင်းရွှေ့နေထိုင်ရသောအိမ်ခြေ ၃၃၆ အိမ်ရှိကာ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၃၃၅ သန်းရှိသည်။ ထန်တလန်မြို့နယ်တွင် ပြောင်းရွှေ့နေထိုင်ရသောအိမ်ခြေ နှစ်အိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်တစ်သန်းခန့်ဖြစ်သည်။ ဖလမ်းမြို့နယ်တွင် နေအိမ်ပြိုပျက် ရှစ်အိမ်၊ ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၁၀၄ အိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ၇၅ သန်း၊ တီးတိန်မြို့နယ်တွင် နေအိမ်ပြိုပျက် ၈၆ အိမ်၊ ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၃၇၂ အိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၃၂၂ သန်း၊ တွန်းဇံမြို့နယ်တွင် နေအိမ်ပြိုပျက် ၇၇ အိမ်၊ ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၂၇၄ အိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ၃၄၂ သန်း၊ မင်းတပ်မြို့နယ်တွင် နေအိမ်ပြိုပျက် ၃၆ အိမ်၊ ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၈၇ အိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၈၆ သန်း၊ ကန်ပက်လက်မြို့နယ်တွင် နေအိမ်ပြိုပျက် ၃၅ အိမ်၊ ပြောင်းရွှေ့နေထိုင်အိမ်ခြေ လေးအိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၄၄ သန်း၊ မတူပီမြို့နယ်တွင် ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၄၁ အိမ်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၂၀၊ ပလက်ဝမြို့နယ်တွင် နေအိမ်ပြိုပျက် ၃၆၂ အိမ်၊ ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၅၈၈ အိမ်ရှိပြီး



ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်သည့်နေရာတစ်ခု။

ဆုံးရှုံးမှုတန်ဖိုး ကျပ် ၇၈၂ သန်းရှိသည်။ စုစုပေါင်း နေအိမ်ပြိုပျက် ၁၁၂၁ အိမ်နှင့် ပြောင်းရွှေ့နေထိုင်အိမ်ခြေ ၁၈၀၈ အိမ်မှ စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၀၀၇ သန်းနှင့် စုစုပေါင်း သဘာဝဘေးသင့်ပြည်သူ ၁၄၉၇၉ ဦးရှိကြောင်း ချင်းဝေါလ်မီဒီယာနှင့် အခြားမီဒီယာများတွင် ဖော်ပြချက်အရ သိရသည်။

ထိုသို့ ကျေးရွာများပြောင်းရွှေ့ရသည့်ပြည်သူများနှင့် နေအိမ်များပြောင်းရွှေ့ရသည့် ပြည်သူများအတွက် အကူအညီလိုအပ်နေမှုအခြေအနေနှင့် ပတ်သက်၍ ကိုလျန်တွောင်က "တခြားရွာတွေကျတော့ ရွာကိုမပြောင်းခဲ့ရပေမယ့် အိမ်ပြောင်းခဲ့ရတယ်။ ရပ်ကွက်ကို တခြားနေရာရွှေ့ရတာရှိတယ်။ သူတို့လည်းပဲ ပြည်ထောင်စုအစိုးရရဲ့ထောက်ပံ့မှုကိုမရရှိနိုင်သေးဘူး။ ပြည်ထောင်စုအစိုးရအနေနဲ့ အခုလိုမျိုး သဘာဝဘေးသင့်တဲ့ပြည်သူတွေကို တခြားနယ်တွေမှာ ကူညီထောက်ပံ့တာကို သတင်းစာ၊ ရုပ်မြင်သံကြားတို့ကနေ တွေ့မြင်နေရတယ်။ သဘာဝဘေးသင့်ပြည်သူများ ပုံမှန်အခြေအနေပြန်လည်ရောက်ရှိရေးအတွက် အားလုံးဝိုင်းဝန်းကူညီကြရန် မျှော်လင့်နေရပါတယ်"ဟု ကိုလျန်တွောင်က ဆက်လက်ပြောကြားသည်။ ။



လမ်းဖောက်ရာတွင် လုပ်အားပေးနေသော ဒေသခံပြည်သူများ။

## ရေဘေးကြုံခဲ့သော တောင်သူများနှင့် စာသင်ကျောင်းများအား လှူဒါန်း

**ပန်းတောင်း နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ဇူလိုင်နှင့် ဩဂုတ်လအတွင်းက ရေဘေးကြုံခဲ့ရသောကြောင့် လယ်ယာမြေများပျက်စီးခဲ့သည့် တောင်သူလယ်သမားများအတွက် ဆန်အိတ်များနှင့် စာသင်ကျောင်းများအတွက် စာရေးကိရိယာများကို ရုရှားနိုင်ငံ BASHNEFT Company B-V က နိုဝင်ဘာ ၁၁ ရက်တွင် လှူဒါန်းခဲ့သည်။

ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက လှူဒါန်းခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ရုရှားသံရုံး(မြန်မာ)မှ ကောင်စစ်ဝန်နှင့် BASHNEFT Company B-V မှ မန်နေဂျင်းဒါရိုက်တာတို့က ရေဘေးကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးခဲ့သော တောင်သူလယ်သမားများအတွက် တန်ဖိုးငွေကျပ်သိန်း ၅၄၀ ကျော်ရှိ ဆန်အိတ် ၂၀၀၀ နှင့် စာသင်ကျောင်းများအတွက် တန်ဖိုးကျပ် ၄၆ သိန်းကျော်ရှိ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**အောင်မြင့်(ပန်းတောင်း)**

## ဝါအထွက်တိုးစံပြကွက်၌ တောင်သူပညာပေး ကွင်းသရုပ်ပြ

**အောင်လံ နိုဝင်ဘာ ၁၃**

အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ဝါနှင့် ချည်မျှင်ထွက်သီးနှံဌာနခွဲက ကြီးမှူး၍ ဝါစိုက်ပျိုးမှုနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကို အောင်လံမြို့တရော်ကုန်းရပ်ကွက်ရှိ ဝါသီးနှံမျိုးသန့်ခြံ၌ နိုဝင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားပြီး ဝါသီးနှံမျိုးသန့်ခြံ (အောင်လံ)၏ ခြံတာဝန်ခံ ဦးနေဝင်းက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့် သုတေသနစမ်းသပ်ကွက်များ စိုက်ပျိုးထားရှိမှု အကြောင်းကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တောင်သူများက ရွှေတောင်(၈)၊ ငွေချည်(၆)နှင့် ငွေချည်(၉) ဝါမျိုးများ၏ ထူးခြားချက်များ၊ ဝါစိုက်ခင်းများတွင် ပိုးသတ်ဆေး စနစ်တကျအသုံးပြုနည်းနှင့် ဓာတ်မြေဩဇာ အသုံးပြုပုံများကိုမေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သိန်းလွင်(ပြန်/ဆက်)**



# အခါမဟုတ်မိုးကြောင့် ရိတ်သိမ်းပြီးစပါးများ ပျက်စီး

**ညောင်လေးပင် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်အတွင်း ရွာသွန်းခဲ့သော အခါမဟုတ်မိုးကြောင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းမှ တောင်သူအချို့၏ ရိတ်သိမ်းပြီးစပါးများ ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

"စပါးရိတ်သိမ်းပြီး မကြာခင်မှာပဲ မုန်တိုင်းကြောင့် ရုတ်တရက်မိုးရွာချလိုက်တဲ့အတွက် စပါးပင်တွေနဲ့ ကောက်လှိုင်းတွေ ရေနစ်တာ၊ မိုးစိုတာတွေ ဖြစ်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့စပါးပင်တွေက မျိုးအတွက်သိမ်းထားဖို့လည်း အဆင်မပြေ၊ ရောင်းတန်းလည်းမလှ၊ ဈေးကောင်းလည်း မရနိုင်တော့ဘဲ နစ်နာဆုံးရှုံးမှုတွေ ကြုံတွေ့တော့မှာဖြစ်ပါတယ်" ဟု ညောင်လေးပင်မြို့နယ်မှ တောင်သူ ဦးရှမ်းကလေးက ပြောသည်။

ယခုနှစ်တွင် လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းရွာခြင်းများကြောင့် ရိတ်သိမ်းပြီးကောက်လှိုင်းများ မိုးမိခြင်းနှင့် ရေနစ်မြုပ်ခြင်းများ ဖြစ်ခဲ့သည့်အပြင် လယ်ယာမြေများတွင် မြောင်းများပိတ်၍ ငါးရှာကြသော တံငါသည်အချို့ကြောင့်လည်း ရေထွက်ပေါက်ပိတ်မိပြီး ကောက်လှိုင်းများရေမြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကို အကြောင်းကြားပြီး ရေများဖောက်ချခဲ့သော်လည်း နောက်ကျခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာများသည် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသော ကျေးရွာများဖြစ်ပြီး ယခင်နှစ်များတွင် စပါးရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုနည်းကြောင်း၊ လယ်ယာများကို စိုက်ပျိုးရာတွင် စနစ်တကျစိုက်ပျိုးကြသောကြောင့် နှစ်စဉ် အထွက်နှုန်းလည်းကောင်းမွန်ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# မြင်းမူမြို့နယ်တွင် ကျေးလက်ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**မြင်းမူ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၀ ဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေပေးဝေရေးလုပ်ငန်းများကို မြင်းမူမြို့နယ်အတွင်းရှိ ရွာသစ်၊ ကံသုံးဆင့်၊ ကျော့မင်း၊ မဲနော၊ ရွှေကျောင်းကန်၊ ငါးကင်း(တ)၊ ထိန်ကန်၊ တွင်းကြီး၊ သပြေသာနှင့် ပဲကူကျေးရွာတို့တွင် ဆောက်ရွက်ပေးလျက်ရှိပြီး ပေ ၄၀၀ အနက်ရှိ လေးလက်မ စက်ရေတွင်း၊ ဂါလန် ၂၀၀၀ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ တစ်ရုံစီ တည်ဆောက်ပေးခြင်း ဖြစ်သည်။

"ကျေးလက်ရေပေးဝေရေးလုပ်ငန်းများကို မြို့နယ်အတွင်းက ရေခက်ခဲတဲ့ ကျေးရွာတွေကို ဦးစားပေးဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒ့ါအပြင် ရေဖူလုံမှုမရှိသေးတဲ့ ကျေးရွာတွေကိုတော့ ဒုတိယဦးစားပေးအဖြစ် ဆောင်ရွက်ပေးနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှာ ဌာနရန်ပုံငွေနဲ့ ကျေးရွာ ငါးရွာ၊ အလှူရှင်ရဲ့လှူဒါန်းမှုနဲ့ တစ်ရွာ၊ စုစုပေါင်း ကျေးရွာ ခြောက်ရွာ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဌာနရန်ပုံငွေနဲ့ ကျေးရွာ ၁၀ ရွာကို ရေပေးဝေရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု မြင်းမူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်က ပြောပြသည်။

အဆိုပါ ကျေးရွာ ၁၀ ရွာအတွက် ရေပေးဝေရေးလုပ်ငန်းများကို မုံရွာမြို့ Tech Friends ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(မြန်/ဆက်)**



# စပါးသစ်ပေါ်ချိန်တွင် ရိတ်ခြွေစက်ကြီးများတွင်ကျယ်စွာသုံးလာ

**ဇီးကုန်း နိုဝင်ဘာ ၁၃**

ယခုနှစ်စပါးသစ်ပေါ် ချိန်တွင် လယ်ယာအသီးသီး၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများ၌ စပါးရိတ်သိမ်းခြွေလှေ့စက်သစ်ကြီးများက နေရာအနှံ့ လုပ်ငန်းခွင်ဝင်ရောက်အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ပြည်ပမှ ဝင်ရောက်လာသော ယင်းစက်များ က အချိန်တိုအတွင်း၌ စပါးခင်းတစ်ခုလုံးကို ကောက်ပင်ဘဝမှ စပါးအဖြစ်သို့ နာရီပိုင်းအတွင်းမှာပြောင်းလဲပေးသည်။



တစ်နေကုန် ၁၀ ဧကနီးပါး စက်ဖြင့် ရိတ်ခြွေလှေ့ဆောင်ရွက်ပေးပြီးနောက် ယင်းစက်ဖြင့်တစ်ခေါက်လျှင် အသန့်စပါး ၄၀ ကို အိမ်အရောက် သယ်ယူပို့ဆောင်ပေးသည်။ သီးနှံများဈေးကောင်းနေချိန်တွင် လယ်ယာသုံး ယင်းစက်ကြီးများသည် လယ်ယာလုပ်ငန်းခွင်အတွက် အဓိကကျလျက်ရှိသည်။ လယ်ယာလုပ်ငန်းသို့ ဝင်ရောက်လာသော အဆိုပါရိတ်သိမ်းခြွေလှေ့စက် မော်တော်ယာဉ်တစ်စီးကို သုံးစွဲခြင်းဖြင့် တောင်သူများအတွက် အချိန်တိုအတွင်းလုပ်ငန်းတွင်ကျယ်ခြင်း၊ လုပ်သားပြဿနာလျော့ပါးသွားခြင်း၊ စရိတ်စကမှာ မူလကုန်ကျသည်ထက် လျော့နည်းခြင်းနှင့် စပါးအကောင်း အသန့်ရရှိခြင်း စသောအကျိုးကျေးဇူးများကိုရရှိစေသည်။

စက်ကိုငှားရမ်းသုံးစွဲရပါက တစ်ဧကလျှင် ငွေကျပ်လေးသောင်းကျော်ပေးရပြီး လယ်တစ်ကျိုးလျှင် ငွေကျပ် တစ်သောင်းဖြစ်သည်။ ယင်းစက်ကြီးများ၏တန်ဖိုးမှာ ငွေကျပ်သိန်း ၃၆၀ ဝန်းကျင်ရှိသဖြင့် ကိုယ်ပိုင်သုံးစွဲနိုင်သူမှာ လွန်စွာနည်းပါးလှသည်။

မြန်မာ့လယ်တောနှင့်အလွန်အသုံးဝင်သော ယင်းစက်ကြီးများကို ကျေးလက်နေပြည်သူများအနေဖြင့် ကိုယ်ပိုင်ဝယ်ယူ မသုံးနိုင်သေးသော်လည်း ကျေးရွာပိုင်၊ အများပိုင် စက်တစ်လုံး အဖြစ်ထားရှိနိုင်အောင် စီစဉ်ဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးရှိမည်ဖြစ်သည်။ **ကိုသက်(ဇီးကုန်း)**

# စာကြည့်တိုက်ထိန်းသိမ်းရေးလုပ်ငန်းများ ပညာပေး

**မြောင်းမြ နိုဝင်ဘာ ၁၃**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ပုံကျေးရွာ ရက္ခိတအလင်းရောင်စာကြည့်တိုက်၌ စာကြည့်တိုက်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများအကြောင်း သိကောင်းစရာများကို မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ရီရီလွင်တို့က နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်ဦးစီးအရာရှိနှင့် အဖွဲ့သည် စာကြည့်တိုက်အနီးရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောခဲ့ပြီး စာအုပ်၊ စာစောင်များအား ဖျက်ဆီးတတ်သည့် ခြနှင့် အခြားအင်းဆက်ပိုးမွှားအန္တရာယ်မှ သတိထားကာကွယ်ရန် ဆွေးနွေးမှာကြားခဲ့သည်။ ထို့အပြင် ကျေးရွာစာကြည့်တိုက် အသစ်ဆောက်လုပ်မည့် မြေနေရာအတွက်လည်း ရပ်မိရပ်ဖများနှင့်တိုင်ပင်၍ အကြံပြု ဆွေးနွေးခဲ့ပြီး စာကြည့်တိုက်သို့ စာအုပ် စာစောင်များ ပေးလှူခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

# ကျေးလက်လမ်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိ

**ကန့်ဘလူ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းမှ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်း အဆင့်မြှင့်တင်မှုများကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှည် ၂၂ မိုင်ရှိ ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းတွင် အရှည် ၁ မိုင် ၃ ဖာလုံ ကတ္တရာခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီကလည်းကောင်း၊ အရှည်ရှစ်မိုင်တွင် ကွန်ကရစ်ခင်းခြင်းကို နတလဦးစီးဌာနက လည်းကောင်း၊ လမ်းအရှည် ၁၀ မိုင်တွင် ကျောက်ချောခင်းခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနကတာဝန်ယူ၍ Apex Nine Co.,ltd. ကလည်းကောင်း ဆောင်ရွက်လျက်ရှိရာ အဆိုပါကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်က နိုဝင်ဘာ ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်း လုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေးသွားလာနိုင်ကြမည်ဖြစ်ရာ ကျေးရွာပေါင်း ၂၂ ရွာမှ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်စီးဆင်းမှုစသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေမည့်အပြင် ကန့်ဘလူမြို့နယ်၏ အချက်အချာကျသောလမ်းတစ်လမ်းလည်းဖြစ်လာမည်ဟု သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များကိုအသုံးပြုမှု ၂၀၁၅ ခုနှစ်အတွင်း ၇၀ ရာခိုင်နှုန်းခန့်တိုးတက်လာ

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုနှုန်း မြင့်တက်လာသည်နှင့်အမျှ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များကိုလည်း အသုံးပြုသူများလာရာ ၂၀၁၅ ခုနှစ်တွင် ကြော်ငြာဝက်ဘ်ဆိုက်များသို့ ဝင်ရောက်အသုံးပြုသူဦးရေသည် ယခင်နှစ်ထက် ၇၀ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များကို ၂၀၁၂ ခုနှစ်အတွင်း စတင်အသုံးပြုခဲ့ပြီး ယခုအခါတွင် မြန်မာလုပ်ငန်းရှင်များမှ တင်ထားပြီး မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များ များစွာရှိနေပြီဖြစ်သည်။ ဝက်ဘ်ဆိုက်များကို အသုံးပြုမှုနှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးမြင့်လာလျက်ရှိသည်။




လူသိများသည့် ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သော ads.com.mm ဝက်ဘ်ဆိုက်မှ တာဝန်ရှိသူ ကိုဟိန်းအောင်ကျော်က "လက်ရှိကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ နေ့စဉ်နဲ့အမျှ ကြော်ငြာရောင်းချမှုဟာ ၂၀၁၅ ခုနှစ်အတွင်းမှာ ၇၀ ရာခိုင်နှုန်းလောက်အထိ တိုးတက်လာပါတယ်။ ဝက်ဘ်ဆိုက်ကို Facebook ကနေ login ပြုလုပ်ပြီး ဝင်ရောက်ကြော်ငြာရောင်းချလို့ရတဲ့ ဝန်ဆောင်မှုကို ထပ်ဖြည့်လိုက်တဲ့အချိန်မှာ အသုံးပြုသူတွေအတွက်လည်း ပိုမိုအဆင်ပြေသလို အသုံးပြုမှုနှုန်းလည်း အရမ်းမြင့်တက်လာတာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့နှစ်တွေက တစ်ရက်ကို ကြော်ငြာ ၁၀၀ လောက်ရှိရာကနေ အခုဆိုရင် တစ်ရက်ကို ကြော်ငြာ ၂၄၀ ကျော်အထိ တင်လာတာကို တွေ့လာရတယ်"ဟု ပြောသည်။

ကြော်ငြာတင်သူများအနေဖြင့် ကြော်ငြာများကို တင်ရာတွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာတင်လာကြသဖြင့် ကြော်ငြာပြီးနောက် အရောင်းအဝယ်ဖြစ်မှုမှာလည်း ပိုများလာကြောင်း သိရသည်။

"ကြော်ငြာတင်တဲ့လူတိုင်းကလည်း သူတို့တင်တဲ့ ကြော်ငြာတွေကို ဓာတ်ပုံတွေအပါအဝင် အကြောင်းအရာ စုံစုံလင်လင်နဲ့ တင်လာသလို ဈေးနှုန်းတွေကိုလည်း အသက်သာဆုံးနဲ့ အမှန်ကန်ဆုံး ရောင်းလာကြတဲ့အတွက် အရောင်းအဝယ်တွေ အလွယ်တကူဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ အသုံးပြုသူအများစုဟာ ခုနောက်ပိုင်းဆိုရင် ကျွန်တော်တို့ရဲ့ Customer service တစ်ခုဖြစ်တဲ့ ဗိုက်ဘာကနေလည်း သူတို့သိချင်တဲ့အကြောင်းအရာလေးတွေကို မေးမြန်းလာကြတာကိုတွေ့ရပါတယ်။တစ်ပတ်ရစ် ရောင်းဝယ်သူတွေအတွက် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တွေက အလွန်ကိုအဆင်ပြေပြီး အလုပ်ဖြစ်တဲ့အတွက် အခမဲ့ကြော်ငြာမှာ ကြော်ငြာတင်မှုတွေ မြင့်တက်လာတာဖြစ်ပါတယ်"ဟု ကိုဟိန်းအောင်ကျော်က ဆက်ပြောသည်။

ကြော်ငြာဝက်ဘ်ဆိုက်များကို အသုံးပြုနေသည့် မန္တလေးမှ ဆိုင်ကယ်ပွဲစားတစ်ဦးဖြစ်သူ ကိုမြင့်ဇော်က "အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်ဆိုတာကို ဘယ်လိုအသုံးပြုရမလဲဆိုတာ ဒီနှစ်ပိုင်းမှ နားလည်လာတာ။ ကြော်ငြာခတွေပေးဖို့လည်း မလိုဘူး။ ပွဲစားခလည်းမလိုဘူးဆိုတော့ ကျွန်တော်တို့အတွက် အဆင်ပြေတယ်။ ပြီးတော့ တကယ်စိတ်ဝင်စားတဲ့လူက လူကိုယ်တိုင်လာကြည့်ပြီး စိတ်ကြိုက်ဈေးညှိနိုင်းလို့ရတဲ့အတွက် ရောင်းသူရော ဝယ်သူရော နှစ်ဦးနှစ်ဖက်အဆင်ပြေလို့ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တွေကို ပိုပြီးသုံးဖြစ်လာပါတယ်။ ကျွန်တော်တို့ ဆိုင်ကယ်ပွဲစားတွေသာမက တပတ်ရစ်ပစ္စည်းတွေကို အရောင်းအဝယ်လုပ်ကိုင်နေသူတွေရော၊ ပစ္စည်းအသစ်တွေ ရောင်းချင်တဲ့လူတွေအတွက်ပါ အရမ်းသင့်တော်ပါတယ်။ နောက်ပိုင်းမှာ အွန်လိုင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးလာတာနဲ့အမျှ လူတွေက ဒီဘက်ကိုပိုမှီခိုပြီး စီးပွားရေးလုပ်ငန်းတွေ ပိုမိုလုပ်ကိုင်လာနိုင်ပါတယ်"ဟု ပြောသည်။

အွန်လိုင်းပေါ်မှ ကြော်ငြာခြင်းနှင့် ရောင်းချခြင်းသည် မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုမှု များလာသည်နှင့်အတူ လူငယ်များအတွက်သာမက လုပ်ငန်းရှင်များအတွက်လည်း အားကိုးအားထားပြုရာ နည်းလမ်းတစ်ခုဖြစ်လာကြောင်း တွေ့ရသည်။ စွန့်ဦးတီထွင်သူများ၊ တစ်နိုင်စီးပွားရေးလုပ်ကိုင်သူများနှင့် တစ်ပတ်ရစ်ပစ္စည်း ဝယ်ရောင်းသူများအတွက် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များသည် အဓိကအားထားရာနေရာဖြစ်လာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် လူသိအများဆုံး အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များမှာ ၂၀၁၂ ခုနှစ်က စတင်ခဲ့သည့် ads.com.mm နှင့် ezay.com.mm , yaungwal.com.mm ဝက်ဘ်ဆိုက်များဖြစ်ကာ ယခုနောက်ပိုင်းတွင် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်သစ်များလည်း ပေါ်ထွက်လာလျက်ရှိသည်။

**သူရဖြိုး**

## New Product

### Xiaomi Mi 4C

Mi 4C ဟာ ရှောင်မီ(Xiaomi)ရဲ့ နောက်ဆုံးထွက်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး စက်တင်ဘာလအတွင်းက စထွက်ခဲ့တာဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်က ၅ လက်မရှိပြီး အန်းဒရွိုက်ဗားရှင်းက 5.1.1(Lollipop)ဖြစ်ပါတယ်။ RAM 2GB၊ ဖုန်းတွင်းမင်မိုရီ 16GB ပါဝင်တဲ့အမျိုးအစားနဲ့ RAM 3GB၊ မင်မိုရီ 32GB ပါဝင်တဲ့အမျိုးအစား နှစ်ခုထွက်ထားပါတယ်။ GSM နဲ့ WCDMA ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး အင်တာနက်ကို 3G နဲ့ 4G LTE အတွက် ထောက်ပံ့ပေးထားပါတယ်။ ကင်မရာက နောက်ကင်မရာ 13MP နဲ့ ရှေ့ကင်မရာက 5MP ပါဝင်ပါတယ်။ ဘက်ထရီက 3080 mAh Li-Ion ဘက်ထရီဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ အချိန်တိုအတွင်းကျော်ကြားလာတဲ့ တံဆိပ်ဖြစ်တာကြောင့် အရည်အသွေးစိတ်ချရမှုရှိပါတယ်။ ဒါပေမယ့် Mi 4C ဖုန်းမှာ အဓိကအားနည်းချက်ကတော့ မင်မိုရီကတ်စိုက်လို့မရတာကြောင့် ဖုန်းတွင်းမင်မိုရီဟာ ဝယ်တဲ့အတိုင်း 16GB နဲ့ 32 GB သာ သုံးရမှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ RAM 2 GB အတွက် ကျပ် ၂၈၀၀၀၀ ခန့်နဲ့ RAM 3GB အတွက် ကျပ် သုံးသိန်းနှစ်သောင်းခန့်ရှိပါတယ်။



**သူရဖြိုး**

## မြန်မာနိုင်ငံတွင် Asus ကွန်ပျူတာများကို ဖြန့်ချိသူအဖြစ် KMD ပူးပေါင်း

နာမည်ကျော် ကွန်ပျူတာအမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ကမ္ဘာ့ Notebook ဈေးကွက်တွင် ဒုတိယနေရာ၌ ရှိနေသည့် Asus က ၎င်းတို့၏ ကွန်ပျူတာနှင့် Notebook များကို မြန်မာနိုင်ငံတွင်ဖြန့်ချိရန် ကိုယ်စားလှယ်သစ်အဖြစ် KMD နှင့် ပူးပေါင်းလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အိုင်တီနည်းပညာဆိုင်ရာဈေးကွက် သည် တစ်ဟုန်ထိုးတိုးတက်ကောင်းမွန်လာပြီး မကြာမီကာလအတွင်း တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာသော အင်တာနက်အခြေအနေကြောင့် မြန်မာနိုင်ငံသည် အိုင်တီဈေးကွက်အတွက် အဓိကထားရမည့် နိုင်ငံသစ်တစ်ခုဖြစ်လာကြောင်း၊ KMD နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမှ ပြည်သူများအတွက် အကောင်းဆုံးထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်ကြောင်း Asus ၏ အင်ဒိုချိုင်းနားဒေသနှင့် ထိုင်းနိုင်ငံဆိုင်ရာCountry Manager ကပြောသည်။

KMD မှ တာဝန်ရှိသူတစ်ဦးကလည်း Asus နှင့် KMD ပူးပေါင်းပြီးနောက် Asus ၏ နည်းပညာများကို မြန်မာနိုင်ငံမှ ဝယ်ယူသုံးစွဲသူများအား အကောင်းဆုံးဖြည့်ဆည်းပေးသွားရန် မျှော်လင့်ထားကြောင်း ပြောသည်။

Asus သည် ကမ္ဘာ့ဈေးကွက်တွင် ကွန်ပျူတာသုံး Motherboards နယ်ပယ်၌ အကောင်းဆုံးဖြစ်ခဲ့သလို Notebook များမှာလည်း ကမ္ဘာ့ဒုတိယသုံးစွဲမှုအများဆုံးနေရာတွင်ရှိနေသည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ရောင်းအားအကောင်းဆုံး Notebook အမှတ်တံဆိပ်ဖြစ်နေပြီး ထိုင်းနိုင်ငံဈေးကွက်တွင်လည်း ဒုတိယနေရာ၌ ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း Asus အမှတ်တံဆိပ်ဖြင့် ကျောင်းသားများ၊ ရုံးဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များစသည်ဖြင့် အသုံးပြုမည့်နယ်ပယ်အမျိုးမျိုးအတွက် Notebook မော်ဒယ်အမျိုးမျိုးနှင့် Desktop ကွန်ပျူတာမော်ဒယ်အမျိုးမျိုး ဝင်ရောက်လျက်ရှိသည်။ **သူရဖြိုး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဟုမ္မလင်း၊ တမူး(မြို့သစ်)၊ ကလေး၊ ရေဦး၊ ကန့်ဘလူ၊ ကျွန်းလှ၊ ဘုတလင်၊ ကသာမြို့နယ်များရှိ လယ်မဲ့ယာမဲ့များအတွက် မြေလွတ်မြေရိုင်းများကို လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၅ရက်မှ ၂၄-၁၁-၂၀၁၅ရက်အထိ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၅-၁၁-၂၀၁၅ရက် ညနေ ၄:၀၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၈-၁၁-၂၀၁၅ရက်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၊ ဖုန်း-၀၇၁-၂၃၇၇၁၊ ၀၇၁-၂၄၉၅၂၊ ၀၉-၂၁၃၀၅၀၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6H/8402၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်းသန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်စစ/၄၆၈၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**
**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်**
**[မဟာဓာတ်အားလိုင်းပြင်ပ (Off-grid) မီးလင်းရေးစနစ်]**

## ဆွေးနွေးပွဲတက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍မဟာဓာတ်အားလိုင်းပြင်ပ (Off-grid) မီးလင်း ရေးစနစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ မဟာဓာတ်အားလိုင်းပြင်ပ (Off-grid) မီးလင်းရေးစနစ်တွင် ပါဝင်သော ဆိုလာမီးလင်းရေးလုပ်ငန်းများအတွက် အစည်းအဝေးပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ဝယ်ယူရေးဆိုင်ရာကိစ္စများဆွေးနွေးခြင်း (Procurement)
**နေရာ** - Sule Shangrila Hotel (ရန်ကုန်)
**အချိန်** - နံနက် ၈:၃၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီအထိ
**ရက်စွဲ** - ၂၄-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)

(၂) နည်းပညာပိုင်းဆိုင်ရာဆွေးနွေးခြင်း (Technical and Consultation)
**နေရာ** - Sule Shangrila Hotel (ရန်ကုန်)
**အချိန်** - နံနက် ၈:၃၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီအထိ
**ရက်စွဲ** - ၄-၁၂-၂၀၁၅ရက် (သောကြာနေ့)

**မှတ်ချက်။** ထိုင်ခုံနေရာ အဆင်ပြေစေရေးအတွက် အစည်းအဝေးတက်ရောက်မည့် အဖွဲ့အစည်း၊ ကုမ္ပဏီများအနေဖြင့် ဖုန်း-၀၆၇-၄၀၉၅၂၉၊ ၀၆၇-၄၀၉၄၀၆၊ ၀၉-၂၅၀၄၀၃၅၀၃ နှင့် Email (dr.soesoeohn@gmail.com, neppmo.drd@gmail.com, cdevil@worldbank.org) တို့သို့ ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၂၅၃၁ TADANO TR 551 mobile Crane (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/ပသက(နိုင်)၀၇၂၆၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ပြည်နယ်အတွင်း၌ အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ၁၃-၁၁-၂၀၁၄ရက်မှ စတင်ပြီး ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနရုံးတွင် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

(က) ခေါင်လန်ဖူးရုံးအဆောက်အအုံ (၇၀×၂၆×၁၂)ပေ သွပ်မိုး တစ်ထပ်အုတ်ညှပ် တစ်လုံး
(ခ) ပန်ဝါရုံးအဆောက်အအုံ(၃၀×၂၆×၁၂)ပေ သွပ်မိုး တစ်ထပ် အုတ်ညှပ်တစ်လုံး
(ဂ) မြို့လှရုံးအဆောက်အအုံ (၃၀×၂၆×၁၂)ပေ သွပ်မိုး တစ်ထပ် အုတ်ညှပ်တစ်လုံး

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၃-၁၁-၂၀၁၅ရက်မှ ၁၁-၁၂-၂၀၁၅ ရက်အထိ

၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး စိုက်/မွေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၄၊ ၀၇၄-၂၂၄၉၉၊ ၀၇၄-၂၂၃၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်လင်းထက်အောင် ၁၄/မမက(နိုင်)၁၃၉၉၉၉၏ သင်္ဘောသားသက်သေခံစာအုပ်CDC ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၄၇၅၃၀၄**

# ကျေးလက်အိမ်ရာများ ဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု အောင်မြင်ကိုင်းကျေးရွာတွင် ကျေးလက်အိမ်ရာ ၂၅ လုံး ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေ ၇၄ ဒသမ ၂၅ သန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့သည် ဆောက်လုပ်နေသည့် ကျေးလက်အိမ်ရာများသို့ နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# တောင်သူများစုပေါင်း၍ ပိုးသတ်ဆေး/ရွက်ဖျန်းအားဆေးများ ပက်ဖျန်းပေး

**ထီးလင်း နိုဝင်ဘာ ၁၃**

ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ ကွင်း အမှတ် (၂၁၄) ရှိ ဆောင်းမြေပဲသီးနှံ ဧက ၂၀ တွင် သီးနှံကာကွယ် ဆေး၊ ရွက်ဖျန်းအားတိုးဆေးများကို တောင်သူ ၇၀ စုပေါင်း ပက်ဖျန်းခဲ့ကြောင်း သိရသည်။

အဆိုပါသီးနှံပိုးမွှား ရောဂါကာကွယ်ဆေးနှင့် ရွက်ဖျန်းအားဆေးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ဖြန့်ဝေပေးခဲ့ပြီး စိုက်ကွင်းများတွင် တောင်သူပညာပေးလုပ်ငန်းများကိုပါ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စာအုပ် စာပေ လူ့မိတ်ဆွေ





ပုသိမ်ပေါ် ဆန်းမွှေး
(အဟောင်း)
ကောင်းကောင်းလေး
ကျန်သေးတယ်နော်။
သန့်စင်ပြီး/အရောက်ပို့
☎:01512443, 0973017656, 0932380867

ဟိုက်ဒြောလစ်/လေဗီအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး။
09 420035882, 09 73199410
09 420035884, 09 73199257

Basic Engineering Course
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း)
အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ
ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
သုခစုစံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph : (01) 377343, 377344, 385758, 386877, 392233

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။
1. လှည်းကူးမြို့အနီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (G ဥယျာဉ်မြေကျပြီး) ရေ၊ မီး၊ စုံ၊ ခြံစည်းရိုးခတ်ပြီး၊ ကွန်ကရစ်လမ်းဘေး (40'x60') (80) သိန်း၊ (120) သိန်း
2. တစ်ထပ်တိုက်၊ (625 sqft) (180) သိန်း
Ph: 09-30281874, 09-450378377, 09-799716395

EAGLE GUEST HOUSE
ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၂၄၄၇
၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

ရောင်းမည်/ငှားမည်
၁။ မင်္ဂလာဒုံလေဆိပ်အနီး (၁၁ ပေ×၅၀ပေ) ပျဉ်ထောင်(အသစ်)ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေတွင်း၊ ရေမော်တာပါ။ မှတ်ချက် - ကားဖြင့်လဲနိုင်သည်။ သိန်း(၁၈၀)အငှား(၁)သိန်း
၂။ မင်္ဂလာဒုံလေဆိပ်အနီး( ၂၀ ပေ×၆၀ပေ) ထောင့်ကွက်၊ ပျဉ်ထောင်၊ မီတာပါ၊ အဝီဇီ (စလစ်ရှိ) သိန်း(၃၆၀) အငှား(၁)သိန်း
၃။ မင်္ဂလာဒုံလေဆိပ်အနီး (၁၇ ပေ×၃၅ပေ)ပျဉ်ထောင်အသစ်၊ မီတာပါ၊ အဝီဇီရှိ၊ အငှား(၁)သိန်း
၄။ မရမ်းကုန်းကျောက်ရေတွင်း(၁၃ ပေ×၆၀ပေ)ပျဉ်ထောင်+မီတာပါ၊ အဝီဇီရှိ ခြံကာပြီး၊ (စလစ်ရှိ) သိန်း(၂၅၀)
၅။ မရမ်းကုန်းကျောက်ရေတွင်း (၅၀ပေ×၅၀ပေ)ပျဉ်ထောင်(၂)လုံး၊ မီတာ(၂)လုံး၊ အဝီစီရှိ ထောင့်ကွက်။ သိန်း(၈၀၀)
၆။ မရမ်းကုန်းကျောက်ရေတွင်း (၂၇ပေ×၅၇ပေ)၊ အုတ်ခတ်ပြီး၊ ပျဉ်ထောင်+မီတာပါ+ရေရှိ ထောင့်ကွက်။ သိန်း(၇၀၀)
၇။ To Yo Ta Corolla Fielder 2003 (FF) 3 ထောင်ကျော်၊ မှန်ငါးချပ်အမည်း၊ ကားအနက်ရောင်၊ အပေါ်တန်း+အောက် Sket ပတ်လည်၊ အနောက်စပွိုင်ဒါပါ၊ ကျိုင်အမြင့်၊ အတွင်းပလတ်စတစ်ခင်းပြီး၊ လယ်သာအစွပ်၊ Back Camera၊ TV, Aircon ကောင်း၊ ကားကောင်း ကားသန့်၊ အလွိုင်းငွေ၊ BrideStone တာယာသစ်၊ (ဂျပန်Speare ဘီးနှင့် ငွေငါးလုံးပါသည်။) (၁၂၅)သိန်း
၈။ Toyota Vitz 2009/1300 CC, IJ (1 ထောင်ကျော်)၊ အဖြူရောင်၊ ကားကောင်းကားသန့်၊ လည်သာစွပ်၊ Back Camera, TV, Air Con ကောင်း။ Speare တာယာ(၅)လုံးပါ။ သိန်း(၁၀၀)
၉။ Toyota Corolla L.S Sloon 5B အဖြူရောင်၊ ကားသန့်။ သိန်း(၇၅)
ဆက်သွယ်ရန်
ကိုမင်းအောင် (မင်းအောင် ဖိမ်၊ ခြံ၊ မြေ အကျိုးဆောင်)
အမှတ်(၄၅/၅၅ D)၊ လေဆိပ်လမ်းသွယ်(၁)၊ (၁၀)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
Ph: 09-421014363, 09-31812317, 01-655809

ဝန်ထမ်းအမြန်အလိုရှိသည်။
D-2, ရွှေအင်ကြင်းရိပ်မွန်ကွန်ဒို၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ Ph. 09-31225547
E-mail, cherrysoe1990@gmail.com
AGTI (Civil) ကျား(၅)ဦး
– လုပ်ငန်း အတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။
– နယ်တွင်သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
– အလုပ်လျှောက်ရာတွင် CV Form၊ လိုအပ်သောစာရွက်စာတမ်းများ၊ လိုင်စင်ဓာတ်ပုံ-(၂)ပုံနှင့်အတူ အအထက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘောစီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်

မြိုင်စေတမှဝဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ဗိုလ်တထောင်ရိပ်မြုံ၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၆၄၇၈၊ ၀၉-၇၃၉၈၈၆၉၁၀၉
(ဌာနခွဲ)အမှတ်(၂)၊ ၆၂လမ်း၊ ၂၈ x ၂၉လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂-၂၂၅၁၅


ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄) ဆိုင်၏
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
Forever Gems by ရွှေနန်းတော်
၃၁-၁၀-၂၀၁၅ မှ ၃၁-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မှန်
နေ့စဉ်ပွင့်လှစ်ရောင်းချပေးနေပါပြီ
wow! 25% off
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
တစ်ကြိမ်တည်းနှင့်သိန်း(၅၀)ပြည့်သော Customer များအတွက် Silver Card အကျိုးခံစားခွင့်
ဝယ်ယူသည့်ငွေပမာဏသိန်း(၅၀၀)ပြည့်သော Customer များအတွက် Gold Card အကျိုးခံစားခွင့်
ဝယ်ယူသည့်ငွေပမာဏသိန်း(၁၀၀၀)ပြည့်သော Customer များအတွက် Diamond Card အကျိုးခံစားခွင့်
New 3D CAD/CAM Designs ထောင်ပေါင်းများစွာကို ၁၄-၁၁-၂၀၁၅ မှ ၃၁-၁-၂၀၁၆ထိ ရောင်းချပေးနေပါပြီ။
~~15,340,000~~ 11,505,000
~~27,650,000~~ 20,737,500
~~17,450,000~~ 13,080,000
~~12,890,000~~ 9,660,000
~~11,920,000~~ 8,940,000
~~10,500,000~~ 7,875,000
~~12,340,000~~ 9,250,000
~~5,680,000~~ 4,260,000
~~5,070,000~~ 3,800,000
~~9,490,000~~ 7,110,000
~~5,630,000~~ 4,220,000
~~17,420,000~~ 13,060,000
~~7,480,000~~ 5,610,000
~~9,850,000~~ 7,387,000
~~13,360,000~~ 10,020,000
~~3,090,000~~ 2,317,500
~~3,160,000~~ 2,370,000
~~8,770,000~~ 6,570,000
~~2,680,000~~ 2,010,000
~~6,440,000~~ 4,830,000
~~5,660,000~~ 4,245,000
~~14,900,000~~ 11,175,000
~~15,970,000~~ 11,977,500
~~6,435,000~~ 4,826,000
~~2,850,000~~ 2,130,000
~~7,510,000~~ 5,630,000
~~5,270,000~~ 3,950,000
~~5,400,000~~ 4,050,000
~~9,220,000~~ 6,910,000
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ
၅.၁၀.၂၀၁၅ မှ ၁၇.၁.၂၀၁၆ ထိ
Myanmar Centre Plaza (HAGL, Near Sedona Hotel),Ph: 09-2653 99966, 09-2653 99977, 09-2653 99988

ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw)

M.B.,B.S,F.R.C.S (Edinburgh)

ခွဲစိတ်ကုဆရာဝန်ကြီး

အသက်(၈၆)နှစ်

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်-ဒေါ်ခင်စံပယ်ကြည်(Fortune nternational Ltd.)တို့၏ ချစ်လှစွာသောဖခင် ပါမောက္ခ ဒေါက်တာဦးဇော်ဝင်းသည် ၁၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း

မိသားစု

## ဒေါ်စိန်သန်း (မိတ္ထီလာ)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင် ၁လမ်း၊ အမှတ် ဇ/၁၂/၇နေ (ဦးအေး)၏ဇနီး၊ (ဦးသန်းထွန်းအောင်)-ဒေါ်မွန်မွန်၊ ဒေါ်ခင်သန်းအေး၊ (ဦးဝင်းမော်စိုး-ဒေါ်ခင်လှိုင်မြင့်)၊ (ဦးကျော်ဇောဝင်း-ဒေါ်စန်းစန်းလှ)၊ ဦးကြည်မြင့်-ဒေါ်သီတာအေး၊ ဒေါ်သန္တာအေး(ဦးမိုးကျော်)-ဒေါ်စန္ဒာထွေး၊ ဦးသန်းငွေ-ဒေါ်ထားထားအေး၊ ဦးချစ်စိန်-ဒေါ်သီဂီအေးတို့၏မိခင်၊မြေး ၁၅ယောက်၊ မြစ်ခြောက်တို့၏အဘွားသည် ၁၂-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှ

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ် ၁၈၊ ချမ်းသာလမ်းနေ (ဦးကျော်သန်း)၏ဇနီး၊ ဦးမြတ်စိုးကျော်၊ ဦးထွန်းလင်းကျော်-ဒေါ်ဆွေဇင်ထွန်း၊ ဒေါ်ဝင်းပပသန်း(Entry Co)၊ ဦးထိန်ဝင်း(Peace Co.,Ltd)-ဒေါ်ခင်စန္ဒာသန်း၊ ဒေါ်ခင်မာလာသန်းတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၃-၁၁-၂၀၁၅ရက် နံနက် ၁း၁၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယိကာမကြီး

## အကယ်ဒမီ ဒေါ်တင်တင်နွဲ့

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျ(၁)လမ်း၊ အမှတ် ၆၉/စီနေ (ဦးကျော်ရင်-ဒေါ်တင်ယုံ)တို့၏တစ်ဦးတည်းသောသမီး၊ ဦးသက်ထွန်း(တရားရုံးချုပ်)၏ဇနီး၊ (ကိုဇာနည်ဝင်းထွန်း)၊ ကိုစိုးသူရထွန်းတို့၏မိခင်၊ မောင်ဖြိုးပြည့်ဇာနည်ထွန်း၏အဘွားသည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဝင်း (ပြည်)

သီရိမင်္ဂလာစာပုံနှိပ်တိုက်

အသက်(၆၈)နှစ်

ပြည်မြို့၊ဈေးလမ်း၊ အမှတ် ၂၆၂၊ သီရိမင်္ဂလာစာပုံနှိပ်တိုက်နေ (ဦးအေးသန်း-ဒေါ်မြနု)တို့၏သား၊ (ဒေါ်ခင်စန်းကြည်-ဒေါ်ခင်စန်းရီ)၊ ဒေါ်ခင်ဖြူဝင်းရွှေ၊ ဦးတင်ညို-ဒေါ်ရီရီလှိုင်၊ ဦးမြင့်-ဒေါ်ခင်ခင်လှိုင်တို့၏မောင်၊ ဒေါ်စန်းစန်းလှိုင်၏ခင်ပွန်း၊ မစောပြည့်ဝင်း၊ မောင်စိုးပိုင်ဝင်း၊ မနိုင်နိုင်ခင်တို့၏ဖခင်သည် ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (၆/၁၈၉၊ အင်းဝလမ်း၊ ဒဂုံအရှေ့ပိုင်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ပြည်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ကျော်နိုင်

အသက်(၄၈)နှစ်

(ဦးမောင်မောင်တင်-ဒေါ်သိန်းမြင့်)တို့၏သား၊ (ဦးမင်းအောင်-ဒေါ်စိန်တင်)တို့၏သားသမက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ထိပ်တင်မှတ်(၁)လမ်း၊ အမှတ် ၁၀၅၇နေ ဒေါ်ခိုင်မိမိမင်း၏ချစ်လှစွာသောခင်ပွန်း၊ မပန်သူချစ်၊ မချောဆင့်ဆင့်သူ၊ မယွန်းမီမီအောင်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်တင်မာဇင်၊ ဒေါ်တင်ဇာလွင်၊ ကိုအောင်ကိုကိုတို့၏အစ်ကိုကြီး၊ ဦးထွန်းသိန်း-ဒေါ်တင်တင်အေးတို့၏တူ၊ ဦးကျော်မင်း(မလေးရှား)၊ဦးတင်ဝင်း(စက်မှု-၁၊ လ/ထမန်နေဂျာ၊ ငြိမ်း)၊ ဦးကျော်လွင် (Travel and Toul Co.,)၊ ဦးမျိုးမင်း၊ ဦးခင်ဇော် (ဦးစီးအရာရှိ၊ ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ခင်လေးမင်း၊ ဦးဇော်မင်း(USA)တို့၏ ညီ၊ မောင်သည် ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှသိန်း(ခ)ဒေါ်ရီမေ

ကသ-လယ်ယာ(ငြိမ်း)၊ရွှေမြစတိုး ရသေ့တောင်မြို့၊ မြောက်ဦးခရိုင်

အသက်(၇၄)နှစ်

ရသေ့တောင်မြို့နေ (ဦးဘထွန်း-ဒေါ်နော်ဇာ)တို့၏သမီး၊ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၂၊ အခန်း ၂နေ ဦးစံရွှေမောင် (ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ (ဒေါ်သန္တာအေး)၊ ဒေါ်လဲ့လဲ့ဝင်း(အလပြ၊သင်္ဃန်းကျွန်း(ထ-၃)-ဒုရဲမှူးခင်မောင်ဖြူ(လေကြောင်းရဲတပ်ဖွဲ့ခွဲ၊ရန်ကုန်)၊ဒေါ်ခင်အေးနွယ်-ဦးတင်အောင်စော(ဦးစီးအရာရှိ၊ဆည်မြောင်း)၊ ဦးမြင့်မောင်-ဒေါ်လှသူဇာခိုင်၊ ဒေါ်ဖြူဖြူဝင်း (အထပြ၊ သင်္ဃန်းကျွန်း၊ ထ-၁)၊ ဦးဝင်းထွန်း (ဝင်းဆေးဆိုင်)၊ ဒေါ်အေးအေးလှိုင် - ဦးသိန်းဇော်တို့၏ မိခင်၊(မောင်စံလင်းကျော်)၊ မအိကေဇင်အောင်၊ မောင်စံလင်းဖြိုး၊ မောင်ဇင်မင်းသန့်၊ မောင်စံလင်းနိုင်၊ မောင်စောဝဏ္ဏအောင်၊ မခင်စန္ဒီထက်၊ ဘေဘီလှသူဇာခိုင်တို့၏အဘောင်ရင်သည် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁း၃၂ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်နု(ခ)အဘွားပု (တွံတေး၊ ကံဘဲ့ကျေးရွာ)

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာနေ (ဦးကံရ-ဒေါ်သိန်းမိ)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ် ၂၀နေ (ဦးသာရင်)၏ချစ်လှစွာသောဇနီး၊ (ဦးငြိမ်းမောင်)-ဒေါ်တင်ငွေ၊ (ဦးမြလှိုင်)-ဒေါ်မြင့်မြင့်၊(ဦးအောင်မောင်း)-ဒေါ်သန်းသန်းငွေး၊ ဦးကျော်ဝင်း-ဒေါ်မြမြအေး၊ ဦးမြင့်အောင် (ဓာတ်ပုံမြင့်အောင်၊ စက်မှုဆေးဝါး)-ဒေါ်သန်းသန်းဝင်း၊ ဦးဆန်းမြင့် (Tech Space နည်းပညာဂျာနယ်)-ဒေါ်မြင့်မြင့်ကြည်တို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ် ၂၁ယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်မြ(ခ)တန်ကြား (တောင်ငူမြို့)

အသက်(၉၇)နှစ်

တောင်ငူမြို့၊ ကန်တော်လမ်း၊ အမှတ် ၁၂/၁၂၁နေ (ဦးပွ)၏ဇနီး၊ တောင်ငူမြို့နေ ဦးအောင်ရွှေ-ဒေါ်ဘိ၊ ဦးအောင်ငွေ-ဒေါ်တင်တင်ငွေး၊ (ဦးအောင်မြင့်)-ဒေါ်ခင်စန်းကြည်၊ ဦးအောင်ညွန့်-ဒေါ်မိုးစပွာယ်တို့၏မိခင်၊ ကိုထွန်းထွန်းအောင်-မဇင်မာသိန်း၊ ကိုညီညီအောင်-မအေးအေးမော်၊ ကိုအောင်မျိုးသိန်း-မကေဇင်သွယ်၊ မောင်ဟန်စည်သူအောင်၊ ဒေါက်တာသူဇာသွယ်၊ မဂျူးမြတ်အောင်၊ မောင်ကိုကိုသက်နိုင်၊ ဒေါက်တာဆုလဲ့နိုင်၊ မောင်ပိုင်ဇေဟိန်း၊ မောင်ပြည့်ဝေဟိန်းတို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့)နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်း

အသက်(၈၆)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၆၄×၆၅လမ်းကြား၊ ခတ္တာလမ်းနေ (ဦးအုံးစိန်-ဒေါ်မြညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခိတာ ၃လမ်းနေ (ဦးလှရွှေ-ဒေါ်ခင်မှီ)၊ (ဦးငြိမ်းမောင်)-ဒေါ်မစန်းတို့၏အစ်မကြီး၊ ဦးစန်းလွင်-ဒေါ်ခင်သန်းသန်းမင်းတို့၏မိခင်၊ ကိုအောင်ငြိမ်းချမ်းဦး-မနှင်းဝတ်ရည်ဦး၊ ကိုအောင်သူမြတ်-မမေလွင်သက်တို့၏အဘွား၊ မသွန်းအိန္ဒြေသူ၏ဘွားဘွားကြီးသည် ၁၂-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၉နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေး အသက်(၇၈)နှစ်

မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်

စာရင်းကိုင်ချုပ်(ငြိမ်း)၊ မြန်မာနိုင်ငံသားများဘဏ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် ၁၈ (ငါးလွှာ)နေ (ဦးဖေသောင်း-ဒေါ်မြရင်)တို့၏သား၊ (ဦးမောင်မြင့်-ဒေါ်သန်းခင်)တို့၏သားသမက်၊ (ဒေါ်နွဲ့နွဲ့သန်း)၏မောင်၊ ဦးငွေး-ဒေါ်တင်စိန်၊ ဦးညီညီတို့၏အစ်ကို၊ ဒေါ်အေးအေးဦး(UAB ၊ ရုံးချုပ်)၊ (ကိုအေးမင်းထွဋ်)၊ ဦးမိုးကျော်သူ-ဒေါ်အေးအေးယု၊ ဦးကျော်စွာမင်း-ဒေါ်အေးအေးသက်၊ ဦးမျိုးဦး-ဒေါ်အေးအေးလင်း(JDS Co., Ltd.)တို့၏ဖခင်၊ ကိုကျော်ဇင်စိုး(UAB မင်္ဂလာဈေး)၊ မယဉ်မိုးထက်၊ မမေအင်ကြင်းချို၊ မလင်းလင်းအေးအောင်တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှသန်း (B.Sc BEd)

ရန်ကုန်၊ မိတ္ထီလာမြို့

အထက်တန်းကျောင်းအုပ်ကြီးနှင့်

မြောင်းမြ အထက(၁)ကန်တော့ခံဆရာကြီး

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းနေ ဦးထွန်းစိန်-ဒေါ်တင်မြတို့၏သား၊ မိတ္ထီလာမြို့နေ ဦးချစ်အေး-ဒေါ်စက်မှုံတို့၏သားသမက်၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၁၁၁နေ ဒေါ်အေးအေးမြင့် (အလယ်တန်းပြ၊ အမက-၈)၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁၁-၂၀၁၅ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက် ညနေ ၃နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့်မြောင်းမြမြို့၊ အထက(၁)မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအော်စတင်စံတုတ်(ခ) အောင်စံတင် (P.I.L)

အသက်(၇၁)နှစ်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ (၄၅)ရပ်ကွက်၊ အမှတ် ၉၈ နေ [ဦးအက်(စ)စံတုတ်-နော်ရု(သ်)]တို့၏သား၊ ဒေါ်ရဲထာ၏ချစ်လှစွာသောခင်ပွန်း၊ စောစံတုတ်ဂျူးနီယာယ်-နန့်ခရစ္စရီနာဝင်းတို့၏ဖခင်သည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၁၄-၁၁-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[အောက်မေ့ဖွယ်ရာဝတ်ပြုဆုတောင်းခြင်းကို ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်မိုး

(မင်းပြား/ပုတော)

အသက်(၄၆)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ (ဦးသိန်းအောင်) - ဒေါ်မအုန်းတို့၏သား၊ ပုတောမြို့၊ မဉ္ဇူလမ်းနေ (ဦးစံအုန်း) - ဒေါ်အုန်းရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊အမှတ် ၅၄ (သုံးလွှာဘီ)နေ ဒေါ်ရည်မွန်စံ(အထက်တန်းသူနာပြု၊ ခုတင်-၅၀၀ အထူးကုဆေးရုံကြီး၊ ရန်ကုန်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြတ်မြတ်သိန်း (အထပြ၊ မင်းပြား)၊ ဦးဖြိုးဝေစံ-ဒေါ်ဇင်မျိုးခိုင်၊ ဦးဇေယျာမင်းစံ-ဒေါ်မီမီနိုဦး၊ဗိုလ်ကြီးအောင်သူရစံတို့၏ မောင်/အစ်ကိုသည် ၁၂-၁၁-၂၀၁၅ရက် နံနက် ၂း၃၀နာရီတွင် လှည်းကူးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်လှ

(ပီလခပ်ကျေးရွာ၊ ကွမ်းခြံကုန်း)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃-ခ)ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ် ၅၂နေ (ဦးဖိုးချစ်-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးမောင်လေး)၏ဇနီး၊ ဦးစန်းမြင့်(Kaytumadi Co.,Ltd.)-ဒေါ်မြင့်မြင့်သွေး (ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ လမ်းမတော်)၊ ဒေါ်စောမူ(စက်မှုကြီးကြပ်ရေး အင်ဂျင်နီယာ၊ ငြိမ်း၊ သန်လျင်ရေနံချက်စက်ရုံ) - ဦးတင်ဝင်း (စက်ရုံမှူး၊ Super Mega Co.,Ltd.)၊ ဦးအောင်မြင့်(ပီလခပ်ကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်)-ဒေါ်အေးမိ၊ ဦးဇော်မြင့်(ဦးစီးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန) - (ဒေါ်ခင်ပြုံးပြုံးရီ)၊ ဒေါက်တာမျိုးမြင့်(သုခကမ္ဘာဆေးရုံ) - ဒေါက်တာခင်အေးမူ (အေးဆေးခန်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်း)တို့၏မိခင်၊မြေးကိုးယောက်၊မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၁၁-၂၀၁၅ရက် ညနေ ၅း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးချိုအေး (ရေစကြိုမြို့)

(ရေစကြိုမြို့နယ် ရာသက်ပန်အသင်းဝင်)

အထက်တန်းကျောင်းအုပ်(ငြိမ်း)

အသက်(၈၀)

ရေစကြိုမြို့နေ (ဦးကွယ်-ဒေါ်အုံ)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံ၊ ဝါယာလက် ပြည်တော်သာ ၁၄လမ်း၊ အမှတ် ၈နေ ဒေါ်ခင်မော်၏ခင်ပွန်း၊ ဦးမြတ်မွန်ဦး၊ (ကိုရဲ)-ဒေါ်မြင့်မြင့်သိန်း၊ (ဦးနွယ်မွန်)-ဒေါ်သက်သက်ဝင်း(တိုင်းစည်ပင်၊ မုံရွာမြို့)၊ ဦးတင့်လွင်-ဒေါ်မိုးမိုးမြတ်(အမှတ်-၃၊အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးမျိုးမွန်-ဒေါ်ခင်ထွေးရီ(ဖားကန့်မြို့)၊ ဒေါ်မြင့်မြတ်မော် (ကထိက၊ ဌာနမှူး၊ NRDC ရန်ကုန်)တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)ည ၉း၃၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးဘထူး

ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)၊ရန်ကင်း

အသက်(၇၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နှောင်ကြီးအိုင်ကျေးရွာနေ (ဦးဘိုးချစ်-ဒေါ်အေးညို)၊ (ဦးမောင်လေး-ဒေါ်ကျော့ရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊တာမွေကြီး(က/ဂ) ရပ်ကွက်၊ တိုက် ၆၊ အခန်း ၅၀၄နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ဦးမိုးမြင့်အောင် (UNITEAM MARINE)-ဒေါ်ဝင်းချိုချိုထူး၊မသော်သော်ထူး(JCM. Co., Ltd.)တို့၏ဖခင်၊ မမိုးသက်ဖြူစင် (TTC)၊မောင်ခန့်စင်ရဲရင့်(TTC)တို့၏ အဘိုးသည် ၁၃-၁၁-၂၀၁၅ရက်နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုစိုးဝင်းသိန်း

2nd Engineer

Multi Gate Service Myanmar Co., Ltd.

IMT-CD 27/ CE 25

အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ရွှေဝါလမ်း၊အမှတ် ၅၅၂၊ မြေညီထပ်နေ (ဗိုလ်ကြီးအုန်းသိန်း)-ဒေါ်ဝင်းနွယ်ရီတို့၏သား၊ ကိုဖြိုးမင်းသိန်း (2nd Mate, Ocean Win Co., Ltd.)၏အစ်ကို၊ဦးလှဝင်း-ဒေါ်မြသန်းတို့၏သားသမက်၊ မယမင်းလှဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့) ည ၁၀း၄၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုဏ္ဍာစရိယ (မြို့နယ်သံဃနာယက ဥက္ကဋ္ဌ)

သက်တော်(၇၇)နှစ် သိက္ခာတော်(၅၈)ဝါ

ရခိုင်ပြည်နယ်၊စစ်တွေမြို့နယ်၊နာရီကန်ကျေးရွာ၊ နာရီကန်ရွာမ ဘုန်းတော်ကြီးကျောင်း၊ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ရတ္တညုမဟာနာယ ဘဒ္ဒန္တကုဏ္ဍာစရိယ သံဃမဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ရက်) ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဉတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)တွင် ပန်းကြာကလပ်ပေါ်သို့ ပြောင်းရွှေ့ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ သိစေရန် အသိပေးအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ၊ နာရီကန်ကျေးရွာ

## ဦးစိုးသန်း အသက်(၇၂)နှစ်

ခရိုင်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ ထွေ/အုပ်ဌာန(ပ/၂၆၀၉)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇လမ်း၊ အမှတ် ၁၀၀နေ (ဦးသန်းမောင်-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးဘအေး-ဒေါ်ဖွားရှင်)တို့၏သားသမက်၊ ဒေါ်စန်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဦး-ဒေါ်စန္ဒာစိုး (PAT ငြိမ်း၊ ထ-၂၊ ဒဂုံမြို့နယ်)၊ ဦးအောင်နိုင်ဝင်း-ဒေါ်ကေသီစိုး[ခေတ္တ-တရုတ်(တိုင်ပေ)]၊ ဦးသက်နိုင်စိုး-(MD-KTNS Services Co.,Ltd.)-ဒေါ်အေးဝါဟန်တို့၏ဖခင်၊ မောင်ဘုန်းမင်းခန့် (G-4, ထ-၅၊ ဗိုလ်တထောင်)၊ အိမ့်ပန်းသခင်(Tapei University)[ခေတ္တ-တရုတ်(တိုင်ပေ)]၊မသက်ဟန်နီဦး (P-4, B, ILBC)၊မသက်ချိုမီဟန်(P-2, F, ILBC)တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့)နံနက် ၉နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးသန်း အသက်(၇၂)နှစ်

ခရိုင်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ ထွေ/အုပ်ဌာန(ပ/၂၆၀၉)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇လမ်း၊ အမှတ် ၁၀၀နေ (ဦးသန်းမောင်-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးဘအေး-ဒေါ်ဖွားရှင်)တို့၏သားသမက်၊ ဒေါ်စန်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမျိုးသန်း-ဒေါ်ခင်ညိုသိန်း၊ ဦးမောင်လှ-ဒေါ်ခင်ဆွေရီ၊ ဦးမင်းသန်း(ဒေါ်သန်းမြင့်)၊ ဦးကျော်ကျော်သန်း-ဒေါ်လှလှမြင့်၊ ဦးဝင်းသန်း-ဒေါ်သီတာဦးတို့၏အစ်ကိုကြီးသည် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့)နံနက် ၉နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးကျော်နိုင်(ခ) Robert

ခွဲစိတ်အထူးကုပါရဂူ

စိန့်ပေါလ်ကျောင်းသားဟောင်း

အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ(ဦးကျော်စိန်-ဒေါ်လှကြည်)တို့၏သား၊ (ဦးရွှေခင်-ဒေါ်သိန်းစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဇောတိကအိမ်ရာ၊ တိုက်၂၊ အခန်း ၁၀၂နေ ဒေါ်ခင်သန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ Singapore နိုင်ငံနေ ဒေါ်ခင်သီတာ၏အစ်ကို၊ Canada နိုင်ငံနေ ဦးရဲလင်းကျော်နိုင်-Tania Tan,Canada နိုင်ငံနေ ဒေါ်စန္ဒီကျော်နိုင်တို့၏ဖခင်၊ Maia ၏ဘိုးဘိုးကြီးသည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးကျော်နိုင်(ခ) Robert

ခွဲစိတ်အထူးကုပါရဂူ

စိန့်ပေါလ်ကျောင်းသားဟောင်း

အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်စိန်-ဒေါ်လှကြည်)တို့၏သား၊ ဒေါ်မြင့်မြင့်ခင်၏မောင်၊ ဒုတိယရဲမှူးကျော်စိုး(ငြိမ်း)-(ဒေါ်မရှင်)တို့၏ညီမောင်၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးကျော်လင်း(ငြိမ်း)-ဒေါ်မွန်နှောင်းယု၊ ကပ္ပတိန်သိန်းဝင်း-ဒေါ်ခင်သူဇာ၊ (ဦးကျော်သက်)-ဒေါ်မော်မော်စိုးတို့၏အစ်ကိုသည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၂နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝမ်းစိန် (သန်လျင်မြို့)

စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး

မိုးကောင်းကင်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် ၁၂၇နေ (ဦးငတ်ငါ-ဒေါ်ရွှေ)တို့၏သား၊ (ဦးမိုးကုတ်-ဒေါ်ခင်လှိုင်)တို့၏သားသမက်၊ ဒေါ်ကြင်တိတ်၊ ဒေါ်စမ်းရီ၊ ဦးခင်ဝင်း-ဒေါ်တင်စမ်းတို့၏မောင်၊ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်း၊ ဦးမျိုးဆွေဦး-ဒေါ်မြတ်သန္တာဝင်း၊ ဦးဖြိုးဝေလင်း (မိုးကောင်းကင် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၊ စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး)-ဒေါ်ဝတ်မှုံဝင်း၊ ဒေါ်ခိုင်ဝေလွင်၊ ဦးအောင်ပြည့်ဖြိုးကျော်တို့၏ဖခင်၊ မမေဝတ်ရည်ဖြိုး၊ မမေရွှန်းလဲ့ဖြိုး၊ မောင်ဝေဖြိုးကျော်၊ မရွှေပိုးဥတို့၏ဘိုးဘိုးကြီးသည် ၁၂-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးလှလွင် (ငြိမ်း)

D.S.A အပတ်စဉ်-၂၁

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ အခန်း ၁၁၄၊ အခန်းအမှတ် ၄နေ(ဗိုလ်မှူးချစ်စိန်-ဒေါ်အုန်းကြည်)၏သား၊ မောင်ပြည့်စုံ(ခေတ္တ-မလေးရှား)၊ မဖြူစင်သန့် (ပထမနှစ်၊ အင်္ဂလိပ်စာ)တို့၏ဖခင်သည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွက် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဟားခါးသဘာဝဘေးသင့်ပြည်သူများ၏ အိမ်ရာများ အချိန်မီပြီးစီးစေမည်



**ဟားခါး နိုဝင်ဘာ ၁၃**

ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအတွက် အသစ်ပြန်လည်ဖော်ထုတ်ပေးလျက်ရှိသော ဟားခါး-ဖလမ်းကားလမ်းပေါ်ရှိ မြို့ကွက်သစ်နေရာ၌ တန်ဖိုးသင့်အိမ်ရာများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အရှိန်အဟုန်မြင့် တည်ဆောက်ပေးလျက်ရှိသည်။

ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏စီမံမှုဖြင့် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီတို့က ပူးပေါင်းတည်ဆောက်ကြကာ တန်ဖိုးသင့်အိမ်ရာ ၇၃၂ လုံး ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ပေးကမ်းစွန့်ကြဲမှု သဒ္ဓါတရားအကောင်းဆုံးနိုင်ငံ ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံက ထိပ်ဆုံးမှပါဝင်

**ကျော်သဲအိမ်**

**နေပြည်တော် နိုဝင်ဘာ ၁၃**

Charities Aid ဖောင်ဒေးရှင်း၏ ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်း ၂၀၁၅ အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ပေးကမ်းစွန့်ကြဲမှု သဒ္ဓါတရားအကောင်းဆုံးနိုင်ငံ ၁၀ နိုင်ငံထဲတွင် ထိပ်ဆုံးမှရှိနေကြောင်း၊ မြန်မာနိုင်ငံ၏နောက်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးဇီလန်နှင့်ကနေဒါတို့ဖြစ်ကြောင်း၊ ဥရောပနိုင်ငံများထဲတွင် ယူကေနိုင်ငံက ရှေ့ပြေးနေကြောင်း၊ နိုင်ငံပေါင်း ၁၄၅ နိုင်ငံမှ ပြည်သူများ၏ပေးကမ်းစွန့်ကြဲမှု၊ အခမဲ့လုပ်အားပေးလုပ်ငန်းများလုပ်ဆောင်မှုနှင့် သူစိမ်းတစ်ရံဆံများကို အကူအညီပေးမှု စသည်တို့အပေါ် နှစ်စဉ်အညွှန်းကိန်းပြုစုခဲ့ကြောင်း၊ လေ့လာတွေ့ရှိချက်အရ မြန်မာပြည်သူများမှာ အညွှန်းကိန်းတွင် ပါဝင်သည့်နိုင်ငံများရှိ ပြည်သူများထဲတွင် ပေးကမ်းစွန့်ကြဲမှုသဒ္ဓါတရား အကောင်းဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မြန်မာပြည်သူ ၉၂ ရာခိုင်နှုန်းကျော်မှာ အလှူအတန်းများအတွက် ပေးကမ်းစွန့်ကြဲပြီး ၅၀ ရာခိုင်နှုန်းမှာ သူတစ်ပါးကို

*စာမျက်နှာ ၃ ကော်လံ ၁*

## ရွေးကောက်ပွဲရလဒ်များကိုအခြေပြု၍ ဆက်လက်ဆောင်ရွက်ပေးရမည့် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်

စာမျက်နှာ - ၅

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၅

# ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနှင့်ထိုင်း လက်ဝှေ့ယှဉ်ပြိုင်

**ဘားအံ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့၌ နှစ်စဉ်မပြတ် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသည့် ကရင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သော နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ငါးရက်တိုင်တိုင် ယှဉ်ပြိုင်သွားမည်ဖြစ်ရာ နိုဝင်ဘာ ၁၂ ရက်က သွေးသစ်ဝင်းလှိုင် (မြန်မာ)နှင့် ဖားမီချိုင်း(ထိုင်း)တို့ တတိယနေ့ပွဲစဉ်တွင် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့အောင်လံအုပ်စုပွဲစဉ်များနှင့်အတူ မြန်မာ-ထိုင်းချစ်ကြည်ရေး စိန်ခေါ်ပွဲကြီးများကို အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ မွန်းတည့် ၁၂ နာရီတွင်စတင်ကာ ယှဉ်ပြိုင်ကြမည်

*စာမျက်နှာ ၅ ကော်လံ ၄*



ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနှင့်ထိုင်း လက်ဝှေ့ယှဉ်ပြိုင်ပွဲထိုးသတ်စဉ်။

MYITTAR OO
Eye Hospital
20th Anniversary
မျက်မှန် Up to 30%off
မျက်ကပ်မှန် 10% off
စမ်းသပ်ခ Free
Gifts
၂၀ - နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရဟန်းရှင်လူ မိဘပြည်သူများအား မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် မျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊ မျက်မှန်ပါဝါစမ်းသပ်ပေးခြင်းတို့ကို ကုသိုလ်ဖြစ်အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
နေ့စွဲ - ၂၀၁၅၊ နိုဝင်ဘာလ (၁၈) ရက် (ဗုဒ္ဓဟူးနေ့) နှင့် နိုဝင်ဘာ (၁၉) ရက် (ကြာသပတေးနေ့)
အချိန် - နံနက် ၉နာရီမှ ည ၇နာရီအထိ
နေရာ - မေတ္တာဦးဆေးရုံ၊ အမှတ် (၄၉၉)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၅၂၇၃၈၁၊ ၀၁-၅၃၄၂၈၁၊ ၀၉-၈၆၃၇၂၂၄

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

